
စိတ်ကူးချိုချိုအနုပညာ

# မြန်မာ့ရုပ်ရှင်ဆရာကြီးများ၏

# အဆိုအမိန့်များ

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအတွက်
ဗိုလ်ကြီးအုန်းရွှေ မှတ်တမ်းပြုစုခဲ့သည်။



ဒုတိယအကြိမ်

mgyoe.com

# မြန်မာ့ရုပ်ရှင်ဆရာကြီးများ၏
# အဆိုအမိန့်များ



KLS0111
2,000.00 KS

mgyoe.com

မြန်မာ့ရုပ်ရှင်ဆရာကြီးများ၏အဆိုအမိန့်များ
မူပိုင် - မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
စာမျက်နှာ ၂၀၄+ မျက်နှာ၊ ၁၆ စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ မေလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၆ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးထုတ် ပထမအကြိမ်မူ။

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မြန်မာ့ရုပ်ရှင်ဆရာကြီးများ၏ အဆိုအမိန့်များ

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအတွက်
ဗိုလ်ကြီးအုန်းရွှေ မှတ်တမ်းပြုစုသည်။

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# စာမျက်နှာများအညွှန်း


- ကျမ်းဦးစကား (က)
- ပဏာမ ဂါရဝ (ဂ)
- မှတ်တမ်းပြုစုသူ ဗိုလ်ကြီးအုန်းရွှေ၏ ကိုယ်ရေးအကျဉ်း (ဆ)

၁။ ဦးညီပု ၁

- မြန်မာ့ရုပ်ရှင်ဖခင် – သရုပ်ဆောင်ဒါရိုက်တာ စက်မှုပညာရှင်၊ ဆရာကြီးဦးညီပု ၅
- ဆရာဦးညီပုအဆိုအမိန့် ၇
- ဟောပြောပို့ချချက်များ ၁၀
- ရုပ်ရှင်သမိုင်းကြောင်း ၃၂

၂။ အောဝမ်းဦးတင်မောင်

- ဦးတင်မောင်၏ ကိုယ်ရေးရာဇဝင်အကျဉ်း ၅၁
- ဒါရိုက်တာဦးတင်မောင်၏ အဆိုအမိန့်ကောက်နုတ်ချက်များ ၅၈


mgyoe.com

mgyoe.com

၃။ ဒေါက်တာကြီးဦးချင်းစိန်

♦ ဦးချင်းစိန်၏ ကိုယ်ရေးရာဇဝင်အကျဉ်း ၇၉
♦ ဦးချင်းစိန်၏ဟောပြောပို့ချချက်များ ၈၁

၄။ ရွှေဒုံးဘီအောင်

♦ ဆရာကြီး ရွှေဒုံးဘီအောင်၏
ကိုယ်ရေး ရာဇဝင်အကျဉ်း ၁၁၃
♦ ဟောပြောပို့ချချက်များ၊ အဆိုအမိန့်များ ၁၁၈

၅။ ဦးသုခ

♦ ဒေါက်တာ စာရေးဆရာဦးသုခ၏
ကိုယ်ရေးရာဇဝင်အကျဉ်း ၁၄၃
♦ ဒေါက်တာ ဦးသုခ၏ အဆိုအမိန့်များ၊
ဟောပြောပို့ချချက်များ ၁၅၂

❑

mgyoe.com

mgyoe.com

# ကျမ်းဦးစကား

မြန်မာ့ ရုပ်ရှင်သည် (၁၉၂၀) ခုနှစ်က စ၍ ပေါ်ထွန်းလာခဲ့ရာ ယခုဆိုလျှင် (၇၅) နှစ် တိုင်လေပြီ။ ရုပ်ရှင်ပညာသည်အပေါင်းတို့သည် မိမိတို့ တတ်ကျွမ်းသော ရုပ်ရှင်အနုပညာများကို လုံ့လဝီရိယ ထက်သန်စွာဖြင့် ဖော်ကျူးလာခဲ့ကြပါသည်။ တစ်ဆက်တည်းမှာပင် မိမိတို့ ဆည်းပူးသိရှိထားသော ပညာရပ်များကို မိမိတို့၏ပတ်ဝန်းကျင် အသိုင်းအဝိုင်း အတွင်း၌သာ လက်တွေ့အားဖြင့် သင်ကြားပေး၍ ဖြန့်ဝေနိုင်ခဲ့ရာမှ နောင်အခါ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုပ်ရှင်လုပ်ငန်းတွင်သော် လည်းကောင်း၊ ယခင် ရုပ်ရှင်ကောင်စီနှင့် ယခု ရုပ်ရှင်အစည်းအရုံးတွင်သော် လည်းကောင်း စနစ်တကျသင်တန်းများ ဖွင့်လှစ်သင်ကြား ပေးလာနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအမှုဆောင် အဖွဲ့သည် ရုပ်ရှင်လောကကြီး ဖွံ့ဖြိုး တိုးတက်စေရန်အတွက် အဘက်ဘက်မှ ဆောင်ရွက်လျက်ရှိရာ၊ ရုပ်ရှင်အနုပညာဖွံ့ဖြိုးရေးသည်လည်း ကဏ္ဍတစ်ခုအဖြစ် ပါဝင်လေသည်။ ဤအစီအစဉ်အရ ရုပ်ရှင်အစည်းအရုံး ပြန်ကြားရေးမှူးများနှင့် ရုပ်ရှင်မဂ္ဂဇင်းစာတည်းအဖွဲ့ကို ဤစာအုပ် ထုတ်ဝေနိုင်ရန်တာဝန်များ ပေးအပ်ခဲ့ပါသည်။

ဤ 'ရုပ်ရှင်ဆရာကြီးများ၏ အဆိုအမိန့်' စာအုပ်သည် ရုပ်ရှင်သင်တန်းများတွင် ပို့ချခဲ့သော သင်ခန်းစာများကို စုစည်းပြုစုထားခြင်း

mgyoe.com

mgyoe.com



ဖြစ်ပါသည်။ ရုပ်ရှင်သုတေသီများ၊ ရုပ်ရှင်ဝါသနာရှင်များ၊ ရုပ်ရှင် မျိုးဆက်သစ်များအတွက် ဗဟုသုတဖြစ်ဖွယ်ရာ၊ ကိုးကားရည်ညွှန်းဖွယ်ရာ စာအုပ်အဖြစ် ကြိုးပမ်းထားခြင်းဖြစ်ပါသည်။ ဤစာအုပ် ဖြစ်မြောက်ရန်အတွက် သင်ခန်းစာများ စုဆောင်းပြုစုပေးသော ဗိုလ်ကြီးအုန်းရွှေ (တပ်မတော် လေ့ကျင့်ရေးရုပ်ရှင်)၊ ထိုစာမူများကို ကူညီပြုစုပေးသော စာရေးဆရာ ဒါရိုက်တာဦးလှအောင်နှင့် စာမူများကို တည်းဖြတ်ပေးသော ဒဂုန်မြင့်စိုး (ဦးမြင့်စိုး၊ အငြိမ်းစားညွှန်ကြားရေးမှူး၊ ရုပ်ရှင်လုပ်ငန်း) တို့အား အထူးကျေးဇူးတင်ရှိပါသည်။

စာအုပ်ထုတ်ဝေရေးအဖွဲ့
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

❑

mgyoe.com

mgyoe.com

## ပထမ ဂါရဝ

ရုပ်ရှင်သည် သုခုမအနုပညာနှင့် စက်မှုလက်မှုအတတ်ပညာများအပြင် ဝိဇ္ဇာပညာများနှင့် သိပ္ပံပညာရပ်များပါ ပေါင်းစပ်စုစည်းကာ ဖန်တီးပေါ်ပေါက်လာသော လုပ်ငန်းတစ်ရပ်အဖြစ် အလေးအမြတ် အသိအမှတ် ပြုကြရသည်။

မူလကနဦးက ရှုမြင်ရသူတို့ ဘဝင်ကြည်နူးရွှင်မြူးလန်းဆန်း၍ စိတ်အပန်းဖြေစေရန်မျှသာ ရည်သန်ခဲ့သည့် ရုပ်ရှင်သည် ယနေ့တွင်မူ တီထွင်သူပညာရှင်များ မျှော်မြင်ရည်မှန်းသည့် သာမန်အပျင်းဖြေ ကုန်ပစ္စည်းအဆင့်ထက် အဆပေါင်းများစွာ လေးနက်ထက်မြက်လှသည့် လူထုဆက်သွယ်ရေး ပစ္စည်းတစ်ရပ်အဖြစ် မားမားမတ်မတ် ရပ်တည်နေလျက်ရှိနေပေပြီ။

ရုပ်ရှင်သည် ဖြေဖျော်ခြင်း (Entertainment)၊ သတင်း ဗဟုသုတများ ပြန်ကြားဖြန့်ချိခြင်း (Informational)၊ အသိပညာပေးခြင်း (Educational)၊ အတတ်ပညာပေးခြင်း (Instructional)၊ ဆွဲဆောင်လှုံ့ဆော်ခြင်း (Motivational) စသည့် တာဝန်များကို လူမျိုးဘာသာ နေရာဒေသမရွေးဘဲ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖြန့်ချိပြသခြင်းဖြင့် ကမ္ဘာ့လူသားထုအား အကျိုးပြုလျက်ရှိနေပြီဖြစ်သည်။

အလားတူပင် သတင်းမှတ်တမ်းတင်ရုပ်ရှင်ဖြင့် စတင် ပေါ်

mgyoe.com

mgyoe.com



ပေါက်ခဲ့သည့် မြန်မာ့ရုပ်ရှင်သည်လည်း (၇၅) နှစ်ပြည့်မြောက်၍ စိန်ရတု သို့ ရောက်ရှိခဲ့ချေပြီ။ သို့တစေ ရာစုနှစ်တစ်ခု၏ သုံးခု၊ နှစ်ခုမျှသော အတိတ်ကာလ နှစ်ပရိစ္ဆေဒများစွာကို ရုန်းကန်လှုပ်ရှား ကြိုးပမ်း ကျော် လွှားခဲ့ရသော မြန်မာ့ရုပ်ရှင်သည် ယနေ့ထက်တိုင်အောင်ပင် ပြည်သူ့ ရင်ခွင်တွင် အမြဲအစဉ်ဝင်ခိုနားကာ ရှင်သန်ဖွံ့ထွား ရေပန်းစားဆဲ ...။

ဤကဲ့သို့ မြန်မာ့ရုပ်ရှင် စိန်ရတုသဘင် ဆင်ယင်ကျင်းပနိုင် သည့် မျက်မှောက်ကာလအထိ ပေါက်မြောက်ရောက်ရှိလာအောင် စတင် ပျိုးထောင် မြေတောင်မြှောက်ပေးခဲ့ကြသည့် မြန်မာ့ရုပ်ရှင် ဖခင်ကြီးများ ၏ စွန့်စားဝံ့ရဲသော ဇွဲ၊ ဝီရိယ၊ စွမ်းအားတို့မှ ထွန်းကား ဆင့်ပွားလာ သော အကျိုးကျေးဇူးတရားတို့ကား ထူးခြားကြီးမားလှဘိသည်။

အလားတူစွာပင် မြန်မာ့ရုပ်ရှင်ဖခင်ကြီးများ၏ အနုပညာ ကောင်းမွေကို အခြေခံ၍ မြန်မာ့ရုပ်ရှင်မျိုးဆက်ကို တိုးတက်ဖွံ့ဖြိုးလာ စေရန် ဆက်ခံဦးဆောင်လာကြသည့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ များစွာသော ရုပ်ရှင်ဆရာသမားတို့အား လေးစား ချီးကျူးထိုက်သည်နှင့် အမျှ ဆရာ့ဆရာကြီးတို့၏ သွန်သင်ပြသဩဝါဒများကို ခံယူ လိုက်နာ ကာ ရုပ်ရှင်အသိပညာ၊ အနုပညာနှင့် အတတ်ပညာဆိုင်ရာ တာဝန်များ ကို လိုလားကျေပွန်စွာ အားသွန်ပါဝင်လှုပ်ရှားခဲ့ကြသည့် ရုပ်ရှင်ပညာ သည် လုပ်သားကောင်းတို့၏ စုပေါင်းကြိုးပမ်းဖြည့်စွမ်း ထမ်းရွက်ပေး နိုင်မှုများကိုလည်း ဂုဏ်ပြုမှတ်တမ်းတင်ရမည်ဖြစ်ပေသည်။

ရုပ်ရှင်မျိုးဆက်သစ်တို့အား ရုပ်ရှင်ရိုက်ကွင်း အတွင်းအပြင် များတွင်သာမက ဆက်စပ်တွဲယှဉ်နေသည့် အခြားရုပ်ရှင်လုပ်ငန်းခွင် အသီးသီးတွင် ဆည်းပူးတတ်သိအပ်သော လက်တွေ့ပညာရပ်မှန်သမျှ ကို ကြပ်မတ်သင်ပြပေးကြသည့်အပြင် ရုပ်ရှင်လုပ်ငန်းခွင်မှ နားခွင့်ရ သော ရက်အားများတွင်လည်း ပညာသင်လုပ်သားများ သိထား မှတ်သား သင့်သော အခြေခံရုပ်ရှင်သဘောတရားများနှင့် လက်တွေ့ ဗဟုသုတ

mgyoe.com

mgyoe.com



များကို ပြောပြပို့ချပေးတတ်သော မြန်မာ့ရုပ်ရှင်ဆရာကြီးများ၏ အသက် ပညာ (ဝါ) သမ္မာနှင့် မေတ္တာစေတနာတို့ကား လေးစားကြည်ညိုဖွယ် ကောင်းလေစွ ...။

ထိုသို့ မြန်မာ့ရုပ်ရှင် စည်ပင်ဖွံ့ထွား ပြန့်ပွားရှင်သန်စေရန် အတွက် ခေတ်ကာလအဆက်ဆက်တွင် တရားဝင် ဖွဲ့စည်းတည်ရှိခဲ့ သည့် ရုပ်ရှင်ပညာရှင်ကြီးများ ဦးဆောင်သော ဟောပြောပွဲများ၊ အနု ပညာဆွေးနွေးပွဲများ၊ သင်တန်းများကျင်းပကာ ရုပ်ရှင်ပညာအမွေများကို လက်ဆင့်ကမ်း မျှဝေပြန့်ပွားစေနိုင်ခဲ့ပေသည်။

ဤစာအုပ်သည် သင်တန်းများစွာအနက်မှ ၁၉၈၄ ခုနှစ်တွင် ယခင်ရုပ်ရှင်ကောင်စီမှ ကြီးကြပ်ဖွင့်လှစ်ခဲ့သည့် ၁/၈၄ အခြေခံ ဒါရိုက် တာသင်တန်း၌ ရုပ်ရှင်ဖခင်ကြီး ဦးညီပုအပါအဝင် မြန်မာ့ရုပ်ရှင် လက်ဦး ဆရာကြီးများဖြစ်ကြသော ... ဦးတင်မောင်၊ ရွှေဒုံးဘိအောင်၊ ဦးချင်းစိန် နှင့် ဦးသုခတို့ ဟောပြောပို့ချခဲ့သော ဩဝါဒ အဆိုအမိန့်များကို ပေါင်းရုံး စုစည်းပြုစုထားခြင်းဖြစ်ပါသည်။

အဆိုပါသင်တန်းဖွင့်ခဲ့စဉ်က သင်တန်းသားတစ်ဦးဖြစ်သော တပ်မတော်လေ့ကျင့်ရေးရုပ်ရှင်မှ ဒုအရာခံဗိုလ်အုန်းရွှေ (ယခု ဗိုလ်ကြီး အုန်းရွှေ) သည် သင်တန်းဆရာကြီးများ ပို့ချခဲ့သော သင်ခန်းစာများကို အသံသွင်းယူ မှတ်တမ်းတင်ပြုစုထားသဖြင့် ဤစာအုပ်ကို ထုတ်ဝေနိုင် ခြင်း ဖြစ်ပါသည်။ ဗိုလ်အုန်းရွှေနှင့် စာမူများကို ပြီးပြည့်စုံစေရန် ကြိုးပမ်း ဆောင်ရွက် တည်းဖြတ်ပေးခဲ့ကြသော စာရေးဆရာ ဒါရိုက်တာ ဦးလှ အောင်တို့အား အထူးကျေးဇူးတင်ပါသည်။

ဤစာအုပ်သည် မြန်မာ့ ရုပ်ရှင်ပညာရှင်များနှင့် ရုပ်ရှင်မျိုးဆက် သစ်များ အားထားကိုးကားနည်းယူရမည့် ရုပ်ရှင်အမြုတေ ရတနာစု လည်း ဖြစ်ပေသည်။ ဝါသနာအရ ရုပ်ရှင်ပညာများကို ဆည်းပူးလိုကြ သည့် ရုပ်ရှင်ချစ်သူများအတွက်လည်း ရုပ်ရှင်ဗဟုသုတအဖြာဖြာ ရစေ

mgyoe.com

mgyoe.com



သော ရုပ်ရှင်ကျမ်းတစ်စောင်အဖြစ် ဖြည့်ဆည်းပြုစုထားခြင်း ဖြစ်ပါသည်။

ဆည်းကပ်တည်းဖြတ်သူ
ဒဂုန်မြင့်စိုး

❑

mgyoe.com

mgyoe.com

# မှတ်တမ်းပြုစုသူ ဗိုလ်ကြီးအုန်းရွှေ၏ ကိုယ်ရေးအကျဉ်း



၁၉၅၅ ခုနှစ်မှစတင်၍ နောင်တော် စာရေးဆရာ ဒါရိုက်တာဦးလှအောင်ထံတွင် ဇာတ်ညွှန်းရေးသားနည်း၊ ဇာတ်လမ်း မှတ်တမ်းတင်၊ ဇာတ်ကားတည်းဖြတ်မှု၊ ကားဆက်နည်းနှင့် ဒါရိုက်တာပညာများကို အသံတိတ်၊ အသံထွက်ဇာတ်ကားများ ရိုက်ကူးရင်း ဆည်းပူးလေ့လာ သင်ယူခဲ့သည်။

၁၉၅၈ခုနှစ် ကာကွယ်ရေးဝန်ကြီးဌာန လေ့ကျင့်ရေးညွှန်ကြားရေးမှူးရုံး၊ လေ့ကျင့်ရေးရုပ်ရှင်ဌာန စတင်တည်ထောင်ပြီး ပြင်ပ ပညာရှင်များ ခေါ်ယူခဲ့ရာ တပ်မတော်သို့ဝင်ရောက်ပြီး ဒုအရာခံ ဗိုလ်အဆင့်ဖြင့် စစ်လေ့ကျင့်ရေးကားများ၊ တပ်မတော် မှတ်တမ်းတင်ကားများကို ဌာနမှူး ဗိုလ်မှူးမျိုးမြင့် (အငြိမ်းစား ညွှန်ကြားရေးမှူး ရုပ်ရှင်လုပ်ငန်း) တွဲဖက်၍ ရိုက်ကူးထုတ်လုပ်မှု ...

၁၉၇၉ ခုနှစ်တွင် 'အမိမြေမှ သားကောင်းများ' ဇာတ်ကားအား တွဲဖက်ဒါရိုက်တာ၊ ဖလင်အယ်ဒီတာ၊ ထုတ်လုပ်မှုလုပ်ငန်း ...

၁၉၈၅ ခုနှစ်မှစ၍ တပ်မတော်သမိုင်း ဆေးရောင်စုံ ရုပ်ရှင်ကားကြီးများအား အပိုင်းလေးပိုင်းခွဲ၍ 'လွတ်လပ်ရေးကြိုးပမ်းမှု'၊ 'လွတ်လပ်

mgyoe.com

mgyoe.com



ရေး ထိန်းသိမ်းကာကွယ်မှု'၊ 'ပြည်သူ့အတွက် တပ်မတော်'၊ 'ဒို့ချစ်တဲ့ အမိမြေ' တို့ကို ဒါရိုက်တာ၊ ဖလင်အယ်ဒီတာ၊ ထုတ်လုပ်မှု စသည်ဖြင့် လုပ်ကိုင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၉၄ ခုနှစ်တွင် တပ်မတော်ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခံရပြီး ဗိုလ်ကြီးအဆင့်ဖြင့် လေ့ကျင့်ရေးရုပ်ရှင်တွင် တာဝန်ထမ်းဆောင်ဆဲ ဖြစ်ပါသည်။

ဤအဆိုအမိန့်များ ပိုင်ဆိုင်မှုကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ မူပိုင်အဖြစ် လှူဒါန်းပေးအပ်ပါသည်။

❑

mgyoe.com

mgyoe.com

# ဦးညီပု (၁၉၀၀)

(ပထမမြန်မာရုပ်ရှင်မင်းသား)

ဦးညီပုသည် ၁၉၀၀၊ စက်တင်ဘာလ (၁၂) ရက်နေ့တွင် အဖ ဦးဘညွန့်၊ အမိဒေါ်ငြိမ်းရှင်တို့မှ ဒုတိယမြောက် သားရတနာ ဖြစ်သည်။ ဇာတိ ပြည်မြို့၊ မြန်မာအဆွေတိုက် ရန်ကုန်သို့ ပြောင်းရွှေ့လာရာမှ မိသားစုပါ ပြောင်းလာခဲ့ကြသည်။

အစိုးရဟိုက်စကူးကျောင်းတွင် ပညာသင်ကြားနေစဉ် မြန်မာ ရုပ်ရှင် တီထွင်ကြံဆရိုက်ကူးရာ ... အားတက်သရော ပါဝင်ခဲ့သည်။ ရုပ်ရှင်ဖခင်ကြီး ဦးအုန်းမောင်အား လူအား၊ ငွေအားနှင့် ဉာဏ်အားပါ ကူညီစေခဲ့သည်။

မြန်မာ့ရုပ်ရှင်တွင် ပထမဆုံး မိတ်ကပ်လိမ်းခြယ်ကာ ကင်မရာ ရှေ့တွင် အမူအရာလုပ်ခဲ့သူ၊ သရုပ်ဆောင်ပြသူဖြစ်ပြီး တတိယမြောက် မိမိပါဝင်သော 'တောမြိုင်စွန်းက လွမ်းအောင်ဖန်'၊ ၁၉၂၃ တွင် မောင် ဘဌေး ... အမည်တွင်ကာ 'ဘဌေးဆံတောက်' ကိုလည်း ခေတ်စားစေခဲ့ သည်။

တောမြိုင်စွန်းကားတွင် မင်းသားဒါရိုက်တာအဖြစ် ပထမဆုံး စလုပ်သူဖြစ်ပြီး 'ကာပရက်တာအက်တာ' ပုဂ္ဂလသရုပ်ဆောင်ဟု ဆို လောက်သော မင်းသားဦးရွှေရိုးကို စတင်ပွဲထုတ်ခဲ့သည်။ ကျောင်းသား ဘဝကပင် ဓာတ်ပုံရိုက်ခြင်း၌ ဝါသနာပါခဲ့သည်။ ရုပ်ရှင် ဓာတ်ပုံရိုက်

mgyoe.com

mgyoe.com

ကျွမ်းကျင်ပြီး အသံဖမ်းခြင်း၊ သွင်းခြင်း၊ ကားတည်းဖြတ်ခြင်း၊ ကားကူး ကားဆေး၌လည်း ဝိဇ္ဇာမြောက်အောင် တတ်ကျွမ်းသည်။ 'မိမိအသုံးပြု သော ပစ္စည်းကိရိယာကို မိမိဘာသာ ပြင်ဆင်တတ်ရမည်' ဟူသော ယုံကြည်ချက်အတိုင်း ရုပ်ရှင်စက်ကိရိယာပစ္စည်းများကို ကောင်းစွာ ပြင် ဆင်တတ်လေသည်။

ဓာတ်ညွှန်းရေးရာ၌လည်း ရိုက်ညွှန်းအထိ ပီပြင်စွာရေးတတ် သည်။ မိမိတတ်ကျွမ်းသော ပညာကို ဆရာစားမချန် ပေးဝေတတ်သော ဦးညီပု၏ ရုပ်ရှင်တပည့်တပန်းများသည် ရုပ်ရှင်နယ်တွင် မနည်းတော့ပြီ။

ဓာတ်ပုံလှည့်စားချက်အမျိုးမျိုး၊ စပယ်ရှယ်အဖက်၊ အထူး ဓာတ်ပုံပြုလုပ်ချက်များကို ကောင်းစွာနိုင်နင်းသည့် (စကော့မိုးရှင်း) ခေါ် ရုပ်ရှင်မှ ရုပ်သေသွားသော အထူးဓာတ်ပုံပြုလုပ်ချက်ကို (အောတိ ကယ်လ် ပရင့်တား) ခေါ် ဣစ္ဆာသယလိုတရ ရုပ်ရှင်ကူးစက် မရှိသော် လည်း မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် လုပ်ကိုင်ပေးနိုင်ခဲ့သည်။

ယခုအခါ.... ယင်းဣစ္ဆာသယလိုတရ၊ ကားကူးစက်ကို ပြည် တွင်းရှိ ကိရိယာများဖြင့် စမ်းသပ်တီထွင်နေသည်။

ဦးညီပုသည် သရုပ်ဆောင်အဖြစ် .... 'မေတ္တာနှင့်သူရာ' ၁၉၂၀၊ 'ကျေးတောသူ မနု' ၁၉၂၁၊ 'တောမြိုင်စွန်းက လွမ်းအောင်ဖန်' ၁၉၂၃၊ 'တစ်ခိုင်လုံးရွှေ' ၁၉၂၄၊ 'မှိုင်းဝေဝေ' ၁၉၂၅၊ 'သမိုင်းညွှန့် ပေါင်း' ၁၉၃၃၊ သရုပ်ဆောင်နှင့်ဒါရိုက်တာအဖြစ် .... 'ဆုထူးပန်' ၁၉၂၉၊ 'ရွှေနှင်းဆီ' ၁၉၃၁၊ 'ဂျပန့်ရင်သွေး' ၁၉၃၅ အသံထွက်။

ဒါရိုက်တာအဖြစ် .... 'ကျားသစ်မယ်' ၁၉၂၃၊ 'ပလုတ်တုတ် တုတ် စကြာရှင်' ၁၉၂၅၊ 'ရွှေမင်းဝံ' ၁၉၂၆၊ 'မြတဘက်' ၁၉၂၇၊ 'မြအေး ယဉ်' ၁၉၂၇၊ 'မြိုင်နန်းစံ' ၁၉၂၆၊ 'ချစ်သွေးညီညီ' ၁၉၃၁၊ 'ချစ်ရေစင်' ၁၉၃၅၊ 'ပန်းသစ္စာ' ၁၉၅၄။

ကြီးကြပ်သူ ဒါရိုက်တာအဖြစ် .... 'သံခမောက်' ၁၉၃၅၊ 'စမ်း

mgyoe.com

mgyoe.com


ရေယဉ်’ ၁၉၃၆၊ ‘ချစ်လှူယောင်’ ၁၉၃၈ (အသံထွက်)၊ ‘ကိုယ့်ရင်သွေး’ ၁၉၅၅၊ ‘ချစ်သံသရာ’ ၁၉၅၇၊ ‘၅၂၈’ ၁၉၅၈၊ ‘နန်းထက်က ပန်းတစ်ခက်’ ၁၉၆၃၊ ‘မမှောင်သောအလင်း’ ၁၉၆၅၊ ‘သမန်းကျား’ ၁၉၇၀ .... စသော ဇာတ်ကားများ ရိုက်ကူးခဲ့သည်။

ဦးညီပုသည် ရုပ်ရှင်လောကအကျိုးအတွက် အသင်းအပင်းများတွင် စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်တတ်သည်။ စစ်ကြိုခေတ်က မြန်မာပြည်ရုပ်ရှင်အသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်နှင့်ပြဇာတ်အစည်းအရုံး၊ ရုပ်ရှင်ကောင်စီ ၁၉၆၈မှ၁၉၇၅ အထိ ဥက္ကဋ္ဌအဖြစ် ရုပ်ရှင်ကောင်စီ စည်းရုံးရေးကော်မတီ (၂၁) ဦး အကြံပေးအဖွဲ့ ... စသည်တို့တွင် ပါဝင်ခဲ့သည်။

❑

mgyoe.com

mgyoe.com



ဦးညိုပု

mgyoe.com

mgyoe.com

မြန်မာရုပ်ရှင်ဖခင်၊ သရုပ်ဆောင်၊ ဒါရိုက်တာ၊ စက်မှုပညာရှင်၊

## ဆရာကြီး ဦးညီပု

ပဥ္စဂုဏံ အဟံဝန္ဒာမိ သဗ္ဗဒါ

ယနေ့ မြန်မာရုပ်ရှင်ဖခင်သရုပ်ဆောင် ဒါရိုက်တာ စက်မှုပညာရှင် ဆရာကြီးဦးညီပုသည် ကမ္ဘာအနောက်ခြမ်း အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် သောမတ်အယ်ဒီဆင်က ၁၈၉၅ ခုနှစ်တွင် ရုပ်ရှင်စတင်တီထွင်ခဲ့ပြီးနောက် (၅) နှစ်အကြာ ၁၉၀၀ ပြည့်တွင် မွေးဖွားခဲ့လေသည်။

ရန်ကုန်မြို့ အင်္ဂလိပ်ပိုင် ဂိုးကုမ္ပဏီနှင့်အပြိုင် မြန်မာကုန်တိုက်ကို စတင်တည်ထောင်သော မြန်မာအဆွေကုမ္ပဏီပိုင်ရှင် ဦးဘညွန့်၏ သားတစ်ယောက်ဖြစ်သည်။

ဦးညီပု ကျောင်းသားဘဝ၊ ၁၉၅၀ ခုနှစ်တွင် ရန်ကုန်မြို့၊ ဓါဒဝင်လမ်း(ယခု လမ်းမတော်)နှင့် ကျုံးကြီးလမ်း (ယခု အနော်ရထာလမ်း) ထောင့်၊ ကျုံးဖို့ထားသော မြေကွက်၌ ရှက်ထည်ရုံဆောက်ကာ အယ်ဒီဆင်ဘိုင်စကုတ်ဟု ပြသရာမှ မြန်မာနိုင်ငံတွင် ရုပ်ရှင် စတင် ရောက်ရှိလာလေသည်။

၁၉၁၅ ခုနှစ်တွင် နိုင်ငံခြားသား ဓာတ်ပုံဆိုင်များနှင့် အပြိုင် မြန်မာအမျိုးသားဓာတ်ပုံဆရာကြီး ဦးအုန်းမောင်သည် လန်ဒန်အတ်

mgyoe.com

mgyoe.com

ဓာတ်ပုံဆိုင်ကိုဖွင့်လှစ်ခဲ့ရာမှ ဝါသနာအလျောက် ၁၉၁၆ ခုနှစ်၌ ရုပ်ရှင် စတင်စမ်းသပ်ရိုက်ကူးရန် ကြိုးစားခဲ့သည်။ ထိုစဉ်က ဓာတ်ပုံဆရာ ဦးမောင်မောင်နှင့် ကျောင်းနေရင်း ဓာတ်ပုံပညာ လေ့လာဆည်းပူးနေသော ဦးညီပုတို့ ပူးပေါင်းမိကြလေသည်။

၁၉၂၀ ခုနှစ်၌ ဘိလပ်သွား မြန်မာကိုယ်စားလှယ် ဦးထွန်းရှိန် ဈာပနကို ရုပ်ရှင်သတင်းကားအဖြစ် ရိုက်ကူးပြသနိုင်သဖြင့် ရုပ်ရှင်အစ ၁၉၂၀ ခုနှစ်က ဆိုနိုင်ခဲ့ပေသည်။

၁၉၂၀ ခုနှစ် ပထမကျောင်းသားသပိတ်ကြီးတွင် ပါဝင်ခဲ့ခြင်းကြောင့် အသက်နှစ်ဆယ်အရွယ် ဦးညီပုမှာ ကျောင်းပြန်နေခွင့် မရှိတော့သဖြင့် စာရေးဆရာကြီး ပီမိုးနင်း၊ ဒေါက်တာ ဦးတုတ်ကြီး၊ ဓာတ်ပုံဆရာ လန်ဒန်အတ် ဦးအုန်းမောင်တို့နှင့်ပူးပေါင်း၍ မင်းသား မောင်ညီပု၊ မင်းသမီးမရီတို့ဖြင့် 'မေတ္တာနှင့်သူရာ' Love & Liquor မြန်မာစာတန်းနှင့် အင်္ဂလိပ်စာတန်းထိုး မြန်မာဇာတ်လမ်း ရုပ်ရှင်ဇာတ်ကားကို စတင်ရိုက်ကူးပြသရာမှ မြန်မာနိုင်ငံတွင် မြန်မာရုပ်ရှင်သည် စတင်ပေါ်ပေါက် ထွန်းကားလာခြင်းဖြစ်လေသည်။

ထို့ကြောင့် မြန်မာရုပ်ရှင်ကို စတင်သည့် မြန်မာ့ရုပ်ရှင် ဖခင်ကြီးများအဖြစ် ဓာတ်ပုံဆရာကြီး လန်ဒန်အတ်ဦးအုန်းမောင်နှင့် ရုပ်ရှင်သရုပ်ဆောင် မင်းသားဆရာကြီး ဦးညီပုတို့ကို မော်ကွန်းတင်ရမည်ဖြစ်လေသည်။ မြန်မာ့ရုပ်ရှင်သက်တမ်းတစ်လျှောက် ဆရာကြီး ဦးညီပုအား ပထမဆုံး သရုပ်ဆောင်အဖြစ်သာမက ရုပ်ရှင်ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ ဓာတ်ပုံ၊ အသံ၊ ကားကူးကားဆေး၊ ကားဆက် (ဖလင်အယ်ဒီတာ) စသည့် ရုပ်ရှင်ပညာရပ်များကိုပါ ပိုင်နိုင်ကျွမ်းကျင်သော ဆရာကြီးအဖြစ် မှတ်တမ်းတင်ရမည်ဖြစ်ပေသည်။

၁၉၈၄ ခုနှစ်၊ စက်တင်ဘာလ (၂) ရက်နေ့မှစ၍ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ အမှတ် (၁၆) ဝက်ပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်
mgyoe.com

mgyoe.com


ကောင်စီစည်းရုံးရေးကော်မတီ အဆောက်အဦတွင် ဖွင့်လှစ်သည့် ဒါရိုက်တာ အခြေခံသင်တန်း အမှတ်စဉ် (၁/၈၄) တွင် ဆရာကြီးနှင့် တကွ တခြားမြန်မာ့ရုပ်ရှင်ဒါရိုက်တာကြီးများ ဟောကြားပို့ချသော အဆိုအမိန့်များကို တစ်ပေါင်းတည်း မှတ်တမ်းပြုဖော်ပြအပ်ပါသည်။

*

## ဆရာဦးညိုပု အဆိုအမိန့်

ရုပ်ရှင်ဆိုတာ ဘာလဲ ...။ ရုပ်ရယ်၊ ရှင်ရယ် ... ပေါင်းစပ်ထားတဲ့အတွက် ရုပ်ရူပက ရှင်သန်သွားလာလှုပ်ရှားနေတဲ့ ပညာရပ်ပဲ ဖြစ်တယ်။

ရုပ်ရှင် ဘယ်လိုဖြစ်ပေါ်လာသလဲ။

ရုပ်ရှင်အစမျက်စိကလို့ ဆိုနိုင်တယ်။ မျက်စိနောက်ရှိ အကြည့်ကွက်လေးများမှာ မျက်စိရှေ့မှ ရုပ်သွင်များ ... တစ်ခုပြီးတစ်ခု ဆက်စပ်ဖြစ်ပေါ်လာတယ်။ အဲဒါကို အခြေခံပြီး ဖော်ဆောင်ဖန်တီးထားတဲ့ သိပ္ပံပညာရပ်ဟာ .... ရုပ်ရှင်ပဲ။

ရုပ်ရှင်ရိုက်မည့် ပုဂ္ဂိုလ်တွေဟာ စာရေးဆရာပဲဖြစ်ဖြစ်၊ ဒါရိုက်တာပဲဖြစ်ဖြစ်၊ ကင်မရာမင်းပဲဖြစ်ဖြစ်၊ (SCRIPT) ရေးတဲ့လူပဲ ဖြစ်ဖြစ်၊ မြန်မာရုပ်ရှင်သမိုင်းကိုမှ မသိလျှင် ရုပ်ရှင်လုပ်ငန်းမှာ ဝင်လုပ်ဖို့ မကောင်းဘူး။ အနည်းဆုံး ရုပ်ရှင်သမိုင်းအတိုချုပ်ကိုတော့ သိထားရမယ်။

ရုပ်ရှင်ဟာ အမေရိကန်နိုင်ငံ၊ ပြင်သစ်နိုင်ငံတို့မှာ စတင်ခဲ့တယ်လို့ အခြေခံအားဖြင့် ပြောရမယ်။ ပြောနိုင်တယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ ရုပ်ရှင်ဖြစ်လာအောင် ၁၉၁၄/၁၅ ခုနှစ်ကတည်းက စတင်ကြံစည်ခဲ့ကြပြီး ၁၉၂၀ ခုနှစ်ကျမှ

mgyoe.com

mgyoe.com


ထမြောက်အောင်မြင်လာတယ်။

ယခုသင်တန်းတွေဟာ ဒါရိုက်တာဆရာလုပ်မယ့်လူတွေဖြစ်လို့ ဓာတ်ပုံကင်မရာအကြောင်း၊ ဓာတ်ညွှန်းအကြောင်း ... စတဲ့ ရုပ်ရှင်ပညာပိုင်းတွေကိုလည်း သိထားဖို့လိုတယ်။

ဥပမာ ... ဓာတ်ပုံကင်မရာမှာဆိုရင် LENS မှန်ဘီလူးအကြောင်း သိထားသင့်တယ်။ သူတို့ဆီမှာ ကင်မရာတွေဟာ ကမ္ဘာကိုတစ်ခါလှည့်ပြီး ပြန်လာရင် ... ဒီကင်မရာကို ဆက်မသုံးတော့ဘူး။ ကြက်တန်းအဟောင်းဆိုင်ပို့လိုက်တာပဲ။ ကျွန်တော်တို့ဆီမှာတော့ ကြက်တန်းက ပစ္စည်းကိုပဲ ရှာဖွေပြီး သုံးနေရတယ်။ ကျွန်တော်တို့ဆီက ကားတွေ ဘာဖြစ်လို့ မကောင်းသလဲ။ မှုန်တယ်၊ တုန်တယ်၊ ဘာဖြစ်လို့မှုန်သလဲ၊ တုန်သလဲ LENS တွေ မကောင်းဘူး။ သုံးနေတာက ကြာလှပြီ။ LENS မှာလည်း မှန်ပြားတစ်ခုနဲ့တစ်ခုကြားက ကော်တွေခြောက်ပြီး ကွာဟသွားတဲ့အတွက် Out of Focus မှုန်ဝါးသွားတတ်တယ်။ လူတွေအသက်ကြီးလို့ မျက်စိမှုန်ရင် ဝါးသွားတဲ့ သဘောပေါ့။

နောက်ပြီး LENS မှန်ပြောင်းအတိုအရှည်၊ အရွယ်အမျိုးမျိုးရှိတယ်။ မီလီမီတာနဲ့ အမှတ်အသားပြုထားကြတယ်။ မီလီမီတာ အမှတ်ကြီးလာလေ အရုပ်အရွယ်ကြီးလာပြီး အမြင်နီးလာတယ်။ မီလီမီတာသေးရင်တော့ အရုပ်သေးပြီး ဝေးသွားတာပဲ။ ကျွန်တော့် ဓာတ်ကားတွေမှာ ဖိုက်တင်အခန်းရိုက်ရင် ထိုးလိုက်တဲ့ လက်သီးကို (၇၅) မီလီမီတာမှန်ဘီလူးနဲ့ ရိုက်လိုက်ပြီး အထိုးခံရလို့ လူ လွင့်ထွက်သွားတာကိုတော့ (၂၅) မီလီမီတာ LENS နဲ့ ရိုက်လိုက်တဲ့အခါမှာ လူဟာ အဝေးကြီးလွင့်ထွက်သွားတဲ့အမြင်မျိုး ပရိသတ်က မြင်ရတယ်။ လက်သီးထိုးတာ ... တော်တော်ပြင်းလို့ အဝေးကြီးလွင့်သွားတယ်လို့ ထင်ရတယ်။ ဒါကြောင့် LENS .... အသုံးအနှုန်းသုံးတယ် ဆိုလိုတယ်။

အသံဖမ်းတဲ့ မိုက္ကရိုဖုန်းမှာလည်း .... အမျိုးမျိုးအစားစား

mgyoe.com

mgyoe.com


ရှိပါတယ်။ မာလ်တီဒါရိုက်ရှင်နယ်၊ ယူနီဒါရိုက်ရှင်နယ် ... ဆိုတာတွေရှိတယ်။ မိုက္ကရိုဖုန်းကို လေတိုက်ခတ်မှုမှ ကာကွယ်ပေးဖို့ လက်ကိုင်ပဝါပါးပါးလေးကို မိုက္ကရိုဖုန်းထိပ်မှာ ချည်ပေးလိုက်ရင် လေတိုက်မှုအနှောင့်အယှက်ကို ကာကွယ်စေနိုင်တယ်။ အပြင်မှာ သာမန်ရိုးရိုး စကားပြောရာမှာ လူချင်းတည့်တည့်ပြောလို့ရတယ်။ မကြားရင် ရှေ့တိုးပြောလိုက်ရင်ကြားရတယ်။ ရုပ်ရှင်ကျတော့ ဒီလိုမဟုတ်ဘူး။ မိုက်အမျိုးမျိုး သုံးရတယ်။

ရုပ်ရှင်အသံဖမ်းရာမှာလည်း နည်းစနစ်နှစ်မျိုးရှိပါတယ်။ ဧရိယာစနစ် (AREA SYSTEM) နဲ့ ဒင်ဆီတီစနစ် (DENSITY SYSTEM)။

ကြေးဧရိယာကတော့ ဘီးစိတ်သဘောပါ။ ဘီးကြားထဲမှာ ကြေးတွေဘာတွေ ဘာမှုမရှိစေရသလိုပါပဲ။ ကြေးမရှိမှ အရာပိုရောက်ပါတယ်။

ဒင်ဆီတီဆိုတာကတော့.... ခတ်ပုံဆေးသား ဖလင်ကော်ပြားပေါ်မှာ၊ ဆေးသားပေါ်မှာ မူတည်ပြီး ထင်တဲ့သဘောပဲ။

အဲဒီဒင်ဆီတီအသံလှိုင်းကို ဆေးသားပိန်းပိတ်နေအောင် ကားဆေးပေးလိုက်ရင် ဘာမှုသုံးလို့ရမှာမဟုတ်ပါဘူး။ အသံလုံးဝမထွက်တော့ဘူး။

ဒါကြောင့် ကားကူးကားဆေးလည်း နားလည်ရမယ်။ မိမိနားလည်ထားမှ သူများပြောတာ ကိုယ်မခံရဘူးပေါ့။ မိမိက နားလည်ထားရင် အစစအရာရာမှာ ဆွေးနွေးဖလှယ် လုပ်လို့ရတာပေါ့။

*

mgyoe.com

mgyoe.com


## ဟောပြောပို့ချချက်များ

နိုင်ငံခြားက ရုပ်ရှင်တွေ ရောက်မလာခဲ့ရင် ... ဒီနေ့ ကျွန်တော်တို့ မြန်မာ့ရုပ်ရှင်ဆိုတာလည်း ပေါ်လာမှာမဟုတ်ဘူး။ ၁၉၀၅/၆ ခုမှာ မြန်မာပြည်ကို ဂျပန်နယ်လှည့်ရုပ်ရှင်ရောက်လာတယ်။ ကျွန်တော့်မိဘတွေက ကျွန်တော့်ကိုခေါ်သွားတယ်။ ဟိုတုန်းက ပြစက်တွေက သေးသေးလေးတွေပဲ။ ကာဆိုက်မီးနဲ့ ထိုးပြရတယ်။ ဂျပန်မလေးတွေ ထီးကလေးနဲ့ ကနေတာတွေ၊ ကောင်းကင်ကို ပျံတက်သွားတာတွေ၊ မျက်လှည့်တွေပြပါတယ်။ အဲဒီကတည်းက ကျွန်တော် ရုပ်ရှင်ကို တော်တော် စိတ်ဝင်စားသွားပါတယ်။ အဲဒီလို စိတ်ဝင်စားသွားတာဟာ ကျွန်တော့်ရဲ့ သဘာဝကိုပါ ပြောင်းလဲသွားစေပါတော့တယ်။

ရန်ကုန် သိမ်ဖြူလမ်းမှာ စတားပြပွဲရုံတစ်ရုံရှိပါတယ်။ အဲဒီမှာ မျက်လှည့်ပွဲ၊ နပန်းပွဲ၊ ရုပ်ရှင်ပွဲတွေ ပြတယ်။ အဲဒီရုံမှာပဲ (၁) ဇီဂိုဖားဆိုတဲ့ သူခိုးကြီးရုပ်ရှင်ကား ကြည့်ခဲ့ရတယ်။ ဓာတ်လမ်း အရှည်ကြီးတွေပဲ။ ကျုံးကြီးလမ်းနဲ့ လမ်းမတော်ထောင့်မှာလည်း 'အယ်ဒီဆင်' ရုံနဲ့ 'ဟီပိုဒရုံး' ရုံတွေရှိတယ်။ အမေရိကန် ဆိုင်အိုဂရမ် ကုမ္ပဏီမှာ ကားတိုများကိုပြပါတယ်။ ဟိုးတုန်းက ရုပ်ရှင်ကို ဘိုင်စကုတ်လို့ ခေါ်ကြတယ်။ ရွှေတိဂုံဘုရားလမ်းနဲ့ ဦးဝိစာရလမ်းထောင့်မှာ 'အလန်ဘရာ' ဆိုတဲ့ရုံရှိတယ်။ စကိတ်စီးပွဲတွေပြတယ်။ နောက်ပိုင်း အဲဒီရုံတွေ ပျောက်သွားပြီးတော့ .... 'အင်ပါရာ၊ စီနီမားဒီပဲရစ်၊ အယ်လ်ဖင်စတုံး' ဆိုတဲ့ ရုံသုံးရုံ ... ယခု ဗိုလ်ချုပ်ဈေးရှေ့မှာ ပေါ်လာတယ်။ ရုံတွေရှေ့မှာ ညဈေးတန်းကြီး ရှိတယ်။ စားရင်းသောက်ရင်းနဲ့ ရုပ်ရှင်ဝင်ကြည့်ကြတယ်။ အဲဒီရုံမှာ မှတ်မှတ်ရရ .... ကျွန်တော် ကြည့်ဖူးတဲ့ ကားတစ်ကားရှိတယ်။ နီးရိုးဘုရင်ကြီးပါတဲ့ ကားပဲ။ အဲဒီဘုရင်ရူးကြီးဟာ သူထင်ရာတွေ လျှောက်လုပ်တယ်။ သူ့ရဲ့ အပျိုတော်ရုံတွေကို အကျီတွေ အတင်းချွတ်ပစ်တယ်။

mgyoe.com

mgyoe.com


ကိုယ်တုံးလုံးကြီးတွေ ဖြစ်ကုန်တာပေါ့။ နောက်ပြီး အပျိုတော်တွေကို သူက ပွေ့ချီပြီး သလွန်ပေါ်ကိုတင် မှန်ဘီလူးအဝိုင်းကြီးနဲ့ ခေါင်းကစပြီး ကြည့်တော့တာပဲ။ Close up တွေနဲ့ မမြင်ချင်တာတွေ အစုံမြင်ရတော့ တာပဲ။ ကျွန်တော် ပထမနေ့ ပထမဦးဆုံးပွဲကြည့်လိုက်ရတော့ ... ဒါတွေ အကုန်မြင်လိုက်ရတယ်။ နောက်ရက်တွေကျတော့ ဒီအခန်းတွေ မပါ တော့ဘူးခင်ဗျ။ လက်ဝါး ဆင်ဆာဆိုတာ ပေါ်လာတယ်။ အဲဒီအခန်း တွေရောက်ရင် အော်ပရေတာ၊ ပြစက်မောင်းသူက ပြစက်မှန်ဘီလူးရှေ့ မှာ လက်ဝါးနဲ့ထိုးကာ လိုက်တော့ မမြင်ရတော့ဘူးပေါ့။ အဲဒီကစပြီး ဆင်ဆာဆိုတာပေါ်လာ လေရော့သလားလို့ ထင်မိတယ်။ မြန်မာပြည်မှာ တရားဝင်ဆင်ဆာပေါ်လာတာကတော့ ... ၁၉၂၂ ကျမှပါ။

အဲဒီရုပ်ရှင်ကားတွေကို ကြည့်ပြီးတော့ ... ကျွန်တော့်စိတ်ထဲမှာ ဒီလိုရုပ်ရှင်ကားတွေကို ဗမာတွေရော မလုပ်နိုင်ဘူးလားလို့ တွေးမိတယ်။ ရုံမှာ ပြစက်မောင်းတဲ့ ရုပ်ရှင်အော်ပရာတွေဆီ ကျွန်တော်သွားပြီး ဖလင်စ အပြတ်လေးတွေ သွားဝယ်ပြီး လေ့လာကြည့်တယ်။ ဖလင်တစ်ကွက် ချင်းမှာ ခြေလှမ်းတစ်လှမ်းချင်း ထင်နေတာကို တွေ့ရ သိလာရတယ်။ အဲဒီလို ကြံဆနေတုန်း ဦးအုန်းမောင်နဲ့ တွေ့တော့တယ်။ သူက မျက်နှာ ဖြူဓာတ်ပုံကုမ္ပဏီ ဒီအေအဟူဂျာမှာ ဓာတ်ပုံခဲထိုး TOUCHING နဲ့ FINISHING အချောကိုင်တာတွေကို လခစားလုပ်နေတယ်။ ကျွန်တော် လည်း အဲဒီဆိုင်မှာ ဓာတ်ပုံပစ္စည်းတွေ ခဏခဏဝယ်ရင်း ဦးအုန်းမောင်နဲ့ ရင်းနှီးသွားတယ်။

အဲဒီဆိုင်မှာ သူထိုင်နေတဲ့နောက် မှန်ဗီရိုထဲမှာ အန်ဇိုင်း (Ensign) ရုပ်ရှင်ကင်မရာကို တွေ့လို့ ကျွန်တော် ဝယ်လိုက်တယ်။ ဒါပေမဲ့ Camera ကိုယ်ထည်က ကွဲနေပြီး မှန်ဘီလူးလည်း မပါလာတော့ ဘာမှ မလုပ်နိုင်ခဲ့ဘူး။ နောက်ပိုင်း အဲဒီကင်မရာမျိုးကိုပဲ ဒီဆူဇာမှာ သွားတွေ့လို့ ဝယ်လိုက်ပြန်တယ်။ အဲဒီကင်မရာကတော့ ... မကွဲဘူး။ မှန်ဘီလူးလည်း

mgyoe.com

mgyoe.com


ပါတယ်။ အဲဒီကင်မရာနှစ်လုံးကို ပေါင်းပြီး တစ်လုံးကောင်း ရအောင်ယူတယ်။ ဒီလိုအင်ဖိုင်းကင်မရာနဲ့ပဲ ဦးအုန်းမောင်နဲ့ ခြင်းလုံးခတ်တာကို စရိုက်တယ်။ အဲဒီအချိန်ဟာ ၁၉၁၄/၁၅ ခုမှာပါ။

ကျွန်တော်တို့ မြန်မာရုပ်ရှင်ဟာ နိုင်ငံခြားနဲ့ယှဉ်ကြည့်ရင် သိပ်နောက်မကျဘူး။ အိန္ဒိယမှာ ၁၉၁၃ ခုနှစ်မှာ ဟာရီချန်ဒရာ BLACK & WHITE ရုပ်ရှင်ဇာတ်ကားကို ပြခဲ့တယ်။ ကျွန်တော်တို့က ၁၉၂၀ ခုမှာ စပြနိုင်တယ်။ ဦးထွန်းရှိန် ဈာပန၊ မေတ္တာသူရာ ဇာတ်ကား စပြနိုင်တယ်။

လန်ဒန်အတ် ဦးအုန်းမောင်ဟာ ၁၈၉၇ ခုနှစ်၊ ဇူလိုင် (၁၀) ရက် မွေးတယ်။ စပါးကုန်သည် ဦးဖိုးတီ+ဒေါ်မြတို့၏ သား၊ ကျွန်တော့်ထက် (၁၀)နှစ် ကြီးတယ်။ ရုပ်ရှင်ကို စိတ်အားထက်သန်စွာနှင့် စတုန်းက (၂၄) နှစ်သာ ရှိသေးတယ်။

မေတ္တာနဲ့သူရာကိုတော့ WILLIAMSON ကင်မရာနဲ့ ရိုက်ပါတယ်။

အင်ဖိုင်းကင်မရာကတော့ ကလေးကစားသလောက်ပဲ ရှိပါတယ်။

မေတ္တာနဲ့သူရာ ဇာတ်ကားဖို့ စီစဉ်ရာမှာ ... ကျွန်တော့်ကို ဦးအုန်းမောင်က အားကိုးပြီး လုပ်ပေးပါဆိုတော့ ကျွန်တော်က ဒါရိုက်တာ တုတ်ကြီး၊ ပညာအလင်းမန်နေဂျာ ဦးပုကြီးကို သွားတွေ့တယ်။ ဒါရိုက်တာကြီး ဦးပုကြီးဟာ ရင်အုပ်ကြီး၊ ပခုံးကားကားနဲ့ တုတ်တုတ်ခိုင်ခိုင်ကြီး၊ ရုပ်ရှင်ထဲမှာ ကြောက်စရာကောင်းတဲ့ လူဆိုးကြီးရုပ်မျိုး။ စာရေးဆရာကြီး ပီမိုးနင်းရုပ်မျိုး။ စာရေးဆရာကြီး ပီမိုးနင်းကိုလည်း ဆွေးနွေးတယ်။ ပီမိုးနင်းဟာ ကျွန်တော့်အဖေကုမ္ပဏီဖြစ်တဲ့ မြန်မာအဆွေမှာ သူလုပ်ခဲ့ဖူးတယ်။ ပီမိုးနင်းဟာ အမှန်တကယ်က ခရစ်ယာန်ပါ။ လယ်တီဆရာတော်ဘုရားကြီး ပြည်မြို့ကိုကြွတဲ့အခါမှာ ပဋ္ဌင်းတက်

mgyoe.com

mgyoe.com

လိုက်တယ်။ ဦးပဥ္စင်းပီမိုးနင်းကို ဒီပြင် ဦးပဥ္စင်းတွေက ဇရက်လို့ခေါ်ကြတယ်။ သူ့ဆီက မေတ္တာနဲ့သူရာ ဝတ္ထုတစ်ခုရတယ်။

ပီမိုးနင်းရဲ့မေတ္တာနဲ့သူရာဝတ္ထုကို ယူရိုက်တဲ့အခါ ဇာတ်ကားအထဲမှာ ဦးပုကြီးဟာ တုတ်ကြီးဆိုပြီး လူကြမ်းအဖြစ် သရုပ်ဆောင်ရပါတယ်။ ကျွန်တော်က မောင်ဘစောဆိုပြီး မင်းသားဝင်လုပ်ပါတယ်။ ကျွန်တော်နဲ့ OPPOSITE ရင်ဆိုင် ယှဉ်ပြိုင်ရတဲ့ စင်ပြိုင်မင်းသားကတော့ ... ဟိုတုန်းက မြန်မာပြည်မှာ ဘောလုံးဝိဇ္ဇာမောင်ချစ်ဖြစ်ပါတယ်။

ကျွန်တော်တို့ရိုက်တဲ့နေရာမှာ အများအားဖြင့် အောက်ဒိုး၊ အပြင်ခန်းတွေကျတော့ ပြည်လမ်း၊ ရှစ်မိုင်ထောင့်မှာရှိတဲ့ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင် နှစ်ဆိုင်သုံးဆိုင်မှာ စခန်းချ စားသောက်ပြီးမှ ရိုက်မယ့်နေရာကို လှည်းနဲ့သွားရတယ်။ မနက်လေးနာရီထသွားမှ ရှစ်နာရီ၊ ကိုးနာရီလောက် ရောက်ပါတယ်။ အဲဒီမှာ ဟိုတုန်းက လမ်းတွေ၊ အိမ်တွေဘာမှမရှိသေးဘူး။

ခု စိတ်အထူးကုဆေးရုံလမ်းဟာ ဟိုတုန်းက လမ်းငယ်ငယ်လေး။ ဆားနှစ်ဖက် ဝါးရုံတွေ အုံ့ဆိုင်းနေတယ်။ နောက် ရုပ်ရှင်သမားတွေကလည်းပဲ အဲဒီမှာပဲ စခန်းချကြပါတယ်။ ဒါ အသံတိတ်ခေတ်ပါ။ ကျွန်တော်က အမေ၊ အဖေ မသိအောင် ခိုးရိုက်နေတာ။ ကျွန်တော့်နမမခင်ရီပဲ သိတယ်။ မနက်အစောကြီး အခု တိုးရစ် ဘားမားတိုက်ပေါ်ကနေ အဝတ်ထုပ်ကြီးတောင် ပစ်ချရတယ်။ အဲဒါကို ပုလိပ်တွေတွေ့လို့ ဦးအုန်းမောင်ရှိတဲ့ ကုန်သည်လမ်းအထိ လိုက်လာပြီး အထုပ် တစ်ထုပ်နဲ့ လူတစ်ယောက် ဒီထဲဝင်သွားတယ်၊ ဘယ်မှာလဲ မေးပါရော။ ဟိုကလူတွေက မဟုတ်ပါဘူး။ ကျွန်တော်တို့ ရုပ်ရှင်ကား ရိုက်မလို့ဆိုတော့မှ အောင်မလေးဟဲ့ဆိုပြီး ပုလိပ်တွေ ပြန်သွားတယ်။

အခု မိုးညှင်းတောရကျောင်းနဲ့ မျက်စောင်းထိုးမှာ တိုက်တစ်လုံးရှိတယ်။ အဲဒီမှာ သမီးရည်းစား စကားပြောတဲ့အခန်းကို ရိုက်တယ်။
mgyoe.com

mgyoe.com

သမီးရည်းစားစကားပြောတုန်း အဖေလာတာနဲ့ တံခါးပေါင်က ကျော်ပြီး ခုန်ချထွက်ပြေးမယ်လို့ တန်းလန်းကြီးဖြစ်နေတုန်း ဒါရိုက်တာက (နေဦး …နေဦး) ဖလင်ကုန်သွားပြီဆိုတော့… ဒုက္ခရောက်တာပေါ့။ ဒီအတိုင်း မနေနိုင်တော့ဘဲ ခုန်ချလိုက်တာ အောက် ခဲတွေနဲ့ဆောင့်မိပြီး ဖနောင့် နာသွားတယ်။ အဲဒီနေ့ မရိုက်နိုင်တော့ဘူး၊ ပြန်ကြရတော့တယ်။ အဲဒီ ရုပ်ရှင်ရဲ့ ကရိကထလေး ပြောပြတာပါ။

နောက်တစ်ခါ မေခလမ်း ဝင်ခါနီး ကွေ့သွားတဲ့ အဆင်းလေး ရှိတဲ့ ပြည်လမ်းမှာ ကျွန်တော်က ကင်မရာတစ်လုံး၊ ဦးအုန်းမောင်က ကင်မရာတစ်လုံး၊ ကျွန်တော်က ကားပေါ်က အောက်ကိုလိမ့်ကျမယ့် လူတွေ ရိုက်ဖို့ပါ။ အောက်ကို ငုံ့ရိုက်နေတုန်း ကင်မရာက မှန်ဘီလူး ပြုတ်ကျသွားတာနဲ့ လိမ့်ကျတာကို မရလိုက်ဘူး။ ပြန်ရိုက်မယ်ဆိုတော့ မော်တော်ကားက လိမ့်ပြီးထိုးကျနေပြီ။

ဒါတွေဟာ ကျွန်တော်တို့ ဟိုတုန်းက ရုပ်ရှင်ရင်ရှုပ်ခဲ့ရတဲ့ တကယ့်အဖြစ်အပျက်ပါ။

'မေတ္တာနဲ့သူရာ' ဇာတ်ကား အခန်းတော်တော်များများ ရိုက်ပြီး ပေမဲ့ ဖလင်ကို ချက်ချင်းမဆေးနိုင်သေးပါဘူး။ အိန္ဒိယ ကာလကတ္တား ကို ပို့ပြီးဆေးရပါတယ်။ ဆေးပြီး ဖလင်များ ပြန်ရောက်လို့ ပြကြည့်တဲ့ အခါ ဖလင်တွေဟာ တုန်လည်းတုန်၊ မှုန်လည်းမှုန်တာကို တွေ့ရတယ်။ နှစ်လုံးကို တစ်လုံးပေါင်းပြီးရိုက်ရတဲ့ ကင်မရာရဲ့အပြစ်ပါ။ ဒါကြောင့် ကျွန်တော်တို့ ဝီလျံစင်ကင်မရာရောက်လာတဲ့အထိ စောင့် ရိုက်ရတယ်။ ရိုက်လို့ပြီးခါနီးမှာ ခေါင်းဆောင်မင်းသမီး ရှာမရဘူး၊ ပျောက်သွားတယ်။ ဟာ … မအေးကြည် ပျောက်သွားတယ် ရှာပါဦးဆိုတော့ … မယ်မင်းကြီးမ က လင်နောက်လိုက်သွားတာကိုး။ ဘယ်သူနဲ့ လိုက်သွားတာ၊ အဲဒါကို စောင့်ရတာလည်း တစ်ဒုက္ခ။

ကျွန်တော်တို့ မြန်မာ့ရုပ်ရှင်ဟာ လုပ်ငန်းစကတည်းက အတိတ်

mgyoe.com

mgyoe.com

နိမိတ်မကောင်းဘူး။ မင်္ဂလာမရှိဘူး။ မဖြစ်သင့်တာတွေ ဖြစ်နေတယ်။ ဒီနေ့အထိလည်း ထစ်ထစ်ငေါ့ငေါ့ပဲ၊ ချောချောမောမော မရှိဘူး။ နောက်ပြန်ရောက်ရောက်နေတယ်။ ကျွန်တော်တို့က ရုပ်ရှင်ပစ္စည်း ဘာမှ မဝယ်နိုင်၊ မခြမ်းနိုင်ဘဲ ဒီနေ့ထိ လွန်ခဲ့တဲ့အနှစ် (၃၀) လောက်က ပစ္စည်းတွေကို သုံးနေရတယ်။ အမှန်အတိုင်းက ... ဒီဟာတွေဟာ ကြက်တန်းပို့ဖို့ ကောင်းနေပြီ။

ကျွန်တော်တို့ 'မေတ္တာနဲ့သူရာ' ဇာတ်ကားကို ၁၉၂၀ ခုနှစ်၊ နိုဝင်ဘာလ (၆) ရက်နေ့မှာ စီနီမာဒီပဲရစ်ရုံမှာ ရုံတင်ပြနိုင်ပါတယ်။ ဒီစီနီမာဒီပဲရစ်ရုံက ဘယ်မှာလဲဆိုရင် ... ယခု ဗိုလ်ချုပ်ဈေးနေရာမှာပေါ့။ အဲဒီမှာမပြခင် ရိုက်နေတဲ့အချိန်မှာပဲ ဦးပု၊ ဦးဘဘော၊ ဦးထွန်းရှိန်တို့ ဘိလပ်သွားပြီး 'ဟုန်းမရှူး' သွားတောင်းပါတယ်။ မြန်မာအဖွဲ့ ပြန်ရောက်တဲ့အခါ ဦးထွန်းရှိန် ဆုံးသွားပါတယ်။

အဲဒီဇာတ်ကို ကျွန်တော်တို့ကို မှတ်တမ်းတင်အဖြစ်နဲ့ ရိုက်ခိုင်းတော့ .... သွားရိုက်ရပါတယ်။ ကျွန်တော်နဲ့ ဦးမောင်မောင်က တစ်ဆိုင်း၊ ကျွန်တော့်အစ်ကို ဦးတင်နွယ်နဲ့ဦးအုန်းမောင်က တစ်ဆိုင်း ရိုက်ကြပါတယ်။ အမေရိကန် (၆)ပိုင်းကားနဲ့ တွဲပြပါတယ်။

အဲဒီအချိန်မှာ ရိုက်ပြီးတဲ့ဖလင်တွေကို ကာလကတ္တားကို ပို့ပြီး မဆေးနိုင်တော့ပါဘူး။ ကုန်သည်လမ်းက ဦးအုန်းမောင်ရဲ့ ဓာတ်ပုံဆိုင်မှာပဲ ကျွန်တော်တို့ဆေးရပါတယ်။ ဓာတ်ပုံဆိုင်မှာဆိုရင် ယခုခေတ်စက်တွေနဲ့ ဆေးသလို မဟုတ်ပါဘူး။ ဓာတ်ပုံတွေ ဆေးသလိုပဲ သစ်သားခွက်ကြီးနဲ့ ဆေးရပါတယ်။ ဓာတ်ပုံစက္ကူတွေကတော့ (၁၂) လက်မ၊ (၁၀) လက်မသာရှိတဲ့ ခွက်သေးနဲ့ ဆေးလို့ရပါတယ်။ ရုပ်ရှင်ဖလင်ကျတော့ (၅) ပေ၊ (၄) ပေရှိတဲ့ ဆေးစိမ်တဲ့ခွက်ကြီးတွေ လုပ်ပြီးတော့မှ ခွက်ရဲ့အောက်အလယ်ကောင်မှာ တုံးခံပြီး ဟိုဘက် ဒီဘက်ကို ခေါက်ပြီး ဆေးစိမ်ရပါတယ်။ ဆေးစိမ်တဲ့အချိန်ကာလကို အပြင်ကနေပြီးတော့

mgyoe.com

mgyoe.com


နာရီကြည့်နေတဲ့သူက ဘယ်နှမိနစ် ရှိနေပြီဖြစ်ကြောင်းကို အထဲမှ ဆေးစိမ်သူကြားအောင် အော်ပြောနေရတယ်။ ယခုစက်တွေမှာဆိုရင် ဆေးစိမ်ချိန်ကို ဘယ်နှမိနစ်ဆေးမယ်ဆိုတာကို ဆေးမစိမ်မီ အပြင်မှာရှိတဲ့ DEVOLOPING TIME ကို မိနစ် ချိန်ထားပြီး စက်စမောင်းလိုက်လျှင် နောက်ထပ် ဘာမျှလုပ်ဖို့ မလိုတော့ဘူး။

ဦးအုန်းမောင်ကို 'မေတ္တာနဲ့သူရာ' ပြနိုင်လို့ ပြည်မြို့ G.C. B.A က ရွှေတံဆိပ်နဲ့ ဂုဏ်ပြုချီးမြှင့်ပါတယ်။ ရန်ကုန်မြို့ 'သုစရိတယုဝ' လူငယ်များအသင်း၊ အရက်ရှောင်ကြဉ်တဲ့အသင်းက အရက်ဖျက်၍ လူငယ်များ ပျက်ရကြောင်း ရိုက်ထားတာကို ဂုဏ်ပြုတဲ့အနေနဲ့ ရွှေတံဆိပ်ချီးမြှင့်ပါတယ်။ 'မေတ္တာနဲ့သူရာ' ဇာတ်ကားကို ပရိသတ် အားပေးလို့ အောင်မြင်လာတာကြောင့် ဒုတိယအနေနဲ့ 'ကျေးတောသူမနု' ဇာတ်ကားကို အစအဆုံး ပြည်မြို့မှာသွားရိုက်ကြတယ်။ စတူဒီယိုမရှိလို့ ပြည်နဲ့ မလှမ်းမကမ်းမှာရှိတဲ့ ထန်းတောထဲမှာ ဆက်တင်ဆောက်ပြီး ရိုက်ကြတယ်။ မင်းသမီးကတော့ မငွေမြိုင်တဲ့။ သူက ဇာတ်ထဲကပါ။ မင်းသမီးကြီးတော့ မဟုတ်ဘူး။ အပျိုတော်တို့၊ ယိမ်းသမတို့ လုပ်ရတဲ့သူပေါ့။ နောက်ပိုင်း 'ရတနာပုံ' ဇာတ်ကား ရိုက်ပြီးတဲ့နောက်မှာ ခင်ခင်နုလို့ နာမည်ကျော်သွားတယ်။ အဲဒီ မငွေမြိုင်ကိုလည်း ကျွန်တော်ပဲရှာခဲ့တယ်။

ဒဲဂုန်ပဦးဘတင်က မောင်မောင်တင်အဖြစ် သရုပ်ဆောင်ပြီး မင်းသမီးက တရုတ်ကပြားမလေး မကျင်မြိုင် သရုပ်ဆောင်တဲ့ 'ရွှေပေးလို့မရ' ဇာတ်ကားမှာ ရန်ကုန်မြို့က အထည်ကုန်သည် ဦးဆင်+ဒေါ်ဌေးရဲ့သား ကိုမောင်မောင်က သရုပ်ဆောင်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ၁၉၂၁ ခု၊ ၂၂ ခု မှာ ဗြိတိသျှဘားမားရဲ့ ပထမဆုံးကား 'သစ္စာနဲ့မေတ္တာ' ရုံတင်တဲ့အခါမှာလည်း လူကြိုက်များခဲ့ပါတယ်။ ဒါရိုက်တာကတော့ ဆရာခန့် ဖြစ်ပါတယ်။

စစ်မဖြစ်ခင် နာမည်ကြီးခဲ့တဲ့ 'ဆန်း' ကဖေးပိုင်ရှင် ဦးထွန်း

mgyoe.com

mgyoe.com


ရင်၊ ဒဂုန်ရေခဲစက်၊ ဘိုလပ်ရည်စက်ပိုင်ရှင်ဟာ ... ဗြိတိသျှဘားမား တတိယကားဖြစ်တဲ့ 'အသွင်မတူ အိမ်သူမဖြစ်' ဇာတ်ကားမှာ ပါဝင် ရိုက်ကူးခဲ့ပါတယ်။ ဟိုတုန်းက ပါဝင်တဲ့လူတွေက သတ္တိရှိတယ်။ ညဏ် စွမ်း ညဏ်စထက်တော့ သင်ရတဲ့ဆရာတွေမှာလည်းပဲ လွယ်ကူပါတယ်။ သူတို့တွေကိုယ်တိုင်က ကျွမ်းကျင်ပြီးသားဖြစ်တယ်။ သင်ပေးတဲ့ဆရာ နီးပါးထက်တော့ နည်းနည်းပါပါး အရိပ်ပြရင် အကောင်ထင်တဲ့ ပုဂ္ဂိုလ် တွေပါ။

၁၉၃၂ ခုနှစ် ဦးအုန်းမောင်ဟာ 'တစ်သက်လုံး ဖုံးသမျှ ကုန်း ကာမှပေါ်'၊ 'ချစ်သမျှကို' ဇာတ်ကားကို ရိုက်နေရင်း တစ်ပိုင်းတစ်စနဲ့ ဘားမားဖလင်ရုပ်ရှင်ကုမ္ပဏီက ထွက်ပြီး 'တောမြိုင်စွန်း' ရိုက်ပါတယ်။ ကျွန်တော့်ဖခင် မြန်မာအဆွေရုပ်ရှင်ပိုင်ရှင် ဦးဘညွန့်က ငွေစိုက်ထုတ်ပြီး အပြီးရိုက်ပေးလိုက်ရပါတယ်။ 'ချစ်သမျှကို'နဲ့ 'တစ်သက်လုံး ဖုံးသမျှ ကုန်းကာမှပေါ်' ဇာတ်ကား ကျွန်တော်နဲ့ ဆက်စပ်နေတာက မေတ္တာနဲ့ သူရာ၊ ကျေးတောသူမနု၊ မနု ပြီးရင် ... ကျွန်တော်က အင်္ဂလန်သွားပြီး လန်ဒန်မြို့မှာ MATRICULATION တက္ကသိုလ်ဝင်ဖို့ စာမေးပွဲဖြေဖို့ ရှိပါတယ်။ ကျွန်တော် နိုင်ငံခြားမသွားခင် ကျွန်တော့်အစ်ကို ဦးတင်နွယ် က မင်းသွားတဲ့အခါ တို့ဆီမှာ ကြည့်စရာကျန်ခဲ့အောင်ဆိုပြီး ဇာတ်ကား လေးတစ်ကား ရိုက်ပါဆိုလို့ 'တောမြိုင်စွန်းက လွမ်းအောင်ဖန်' ကို ကျွန်တော်ရိုက်တဲ့အချိန်မှာ မြန်မာပြည်မှာ စက်မှု လက်မှု ထွန်းကားလာ ပါပြီ။ အဲဒီအချိန်မှာ ဇာတ်သတ္တုတူးတဲ့သူ ရှားပါးတယ်။ သတ္တုတူးချင် စိတ် ဖြစ်ပေါ်လာအောင်နဲ့ မြန်မာပြည် သယံဇာတ ကြွယ်ဝချမ်းသာမှုကို ပြသဖို့ ရည်ရွယ်ပြီး ... တောတောင်တွေထဲမှာ သတ္တုသွားရှာတဲ့ ဇာတ် ကားပါ။ သတ္တုတူးရင်းနဲ့ အဲဒီမှာ ဥစ္စာစောင့်မလေးနဲ့ တွေ့ပါတယ်။ အဲဒီဥစ္စာစောင့်မလေးကို စွဲလမ်းပြီး မခွဲနိုင်ဖြစ်နေတယ်။ အဲဒီလို သတ္တု တူးတဲ့အခါမှာလည်း ဥစ္စာစောင့်မလေးနဲ့ တွေ့ရတတ်တယ်။ တော

mgyoe.com

mgyoe.com

တောင်ထဲမှာ သတ္တုသွားတူးချင်စိတ် ပေါ်လာအောင်၊ တောဆင်းပြီး အလုပ်လုပ်ချင်စိတ် ဖြစ်ပေါ်အောင် လှုံ့ဆော်တဲ့သဘောပါ။

အဲဒီဇာတ်ကားကို ပြင်ဦးလွင်အနီးစခန်းမှာ ရေတံခွန်သုံးခု ရှိတဲ့ အနက် ပထမရေတံခွန်နဲ့ ဒုတိယရေတံခွန်ကြားထဲမှာ ရိုက်ပါတယ်။ ဆင်းရတက်ရ မလွယ်ပါဘူး။ ကျွန်တော်တို့ အပေါ်က ကြိုးနဲ့ ဆင်းရ သလို ကင်မရာကိုလည်း ကြိုးနဲ့ချည်ပြီးချပေးရပါတယ်။ အဲဒီထဲမှာ လိုဏ်ဂူတစ်ခုရှိတယ်။ ကျွန်တော်တို့ ဘယ်လောက်တောင် အပင်ပန်းခံရ သလဲဆိုတော့ ... နေ့လယ် (၁၂) ကျမှ အဲဒီရေတံခွန်ကို နေရောင်လာထိုး တယ်။ အဲဒီတော့မှ ရိုက်လို့ရပါတယ်။ မိုးရွာနေရင် ၄၊ ၅၊ ၆ ရက် စောင့်ရိုက်ရတယ်။ ၄၊ ၅၊ ၆ ရက်ဆိုရင် ဇာတ်ကား ပြီးသလောက်ရှိနေပြီ။ (၁၅) ရက်လောက်နဲ့ ကားတစ်ကား ပြီးတယ်။ ကျွန်တော်တို့ အပင်ပန်းခံ တယ်၊ ဂရုစိုက်တယ်၊ တကယ်တူအောင် လုပ်တယ်။ ဥစ္စာစောင့်မလေးကို မြင်တော့ မင်းသားက လိုက်လိုက်ဖမ်းတဲ့အခန်းကို ရိုက်တဲ့အခါ ရေတံခွန် ကြားထဲမှာရှိတဲ့ အိမ်လောက်ကြီးတဲ့ အိုင်ကြီးထဲမှာ ကျွန်တော်က ရေငုပ်ပြီး ဆင်းရတယ်။ ကျွန်တော် ရေမကူးတတ်ဘူး။ ၄၊ ၅ မိနစ်ကြာလို့မှ ငါ ပေါ်မလာရင် လိုက်ဆယ်တော့လို့ ပြောရတယ်။ ရေကူးမတတ်လည်း ... သတ္တိရှိရှိနဲ့ ကိုယ်လိုချင်တာကို လုပ်ပြရမယ်။

ကျွန်တော်က ရေတံခွန်ရဲ့အလယ်မှာ၊ ဥစ္စာစောင့်မလေးက အိုင် ဖျားမှာ ဒိုင်ဗင်ထိုးချငုပ်ပြီး သူ့ကိုအောက်ကနေ ဖက်ရမယ့်အခန်း၊ ဒါပေမဲ့ ကျွန်တော် ရေငုပ်ပြီး ပြန်ပေါ်လာတယ်။ ကျွန်တော်က သွားဖက်လိုက်၊ ဥစ္စာစောင့်မလေးက ပျောက်ပျောက်သွားလိုက်နဲ့ လူကြိုက်အောင် ရိုက်ရ တာပါ။ အဲဒီမှာ ပထမဆုံး ရုပ်ရှင်ကင်မရာ လှည့်ချက် (Camera Trick) တွေကို စသုံးတာပါ။ ကင်မရာက ဒီဗရေကင်မရာ အသစ်က လေး၊ လုပ်ချင်သလိုလုပ်လို့ရတယ်။ ပေါ်တာ ပျောက်တာ၊ မှိန်ပျောက် သွားတာ အကုန်လုပ်လို့ရတယ်။ တောကြိုချုံကြား ရေတံခွန်ကြားထဲမှာ
mgyoe.com

mgyoe.com


စဉ်းစား၊ စွန့်စားပြီး ရိုက်ရတဲ့ သဘောတွေပါ။ အဲဒီမှာ လှေနဲ့ရိုက်ရတာတွေ၊ ရေတံခွန်ထဲ ဆင်းရတာတွေ၊ ထမင်းတောင် ကျွန်တော်တို့ ကောင်းကောင်း မစားရတာတွေကို ကြုံကြုံခိုင် ရင်ဆိုင်ခဲ့ရတယ်။

အဲဒီ 'တောမြိုင်စွန်းက လွမ်းအောင်ဖန်' ကို ရိုက်ပြီးတဲ့အခါ ဗမာရုပ်ရှင်ဟာ ပြောင်းလဲထူးခြားမှု ဖြစ်လာတယ်။ အလျင်က ရန်ကုန်မြို့ထဲမှာ ဆက်တင်တွေထောင်ထောင်ပြီး မိုးကြ၊ စိုက်ကြတာတွေက လမ်းခွဲပြီး ... ကျွန်တော်က တော၊ တောင်၊ ရေ၊ မြေ စခန်းတွေမှာ ရိုက်လာကြတော့ ပရိသတ်အမြင်မှာ မျက်စိဆန်းသွားတယ်။ ရေတံခွန်ကြီးကြားထဲ တဖွားဖွားပြေးကြ၊ လွှားကြ ခက်ခဲပင်ပန်းစွာနဲ့ သက်စွန့်ကြိုးစား ရိုက်ခဲ့ရပါတယ်။

အဲဒီကားမရိုက်ခင် ပြင်ဦးလွင်အတက်မှာ ကျွန်တော်တို့ မော်တော်ကား မှောက်တယ်။ ဘီးလေးဘီးလုံး ချောက်ထဲကျသွားတယ်။ ကျွန်တော့်ဒူးခေါင်းကို မော်တော်ကားဖိမိလို့ ကျွန်တော့်ဒူးခေါင်းတစ်ဖက်ဟာ မသန်တော့ပါဘူး။ ကျွန်တော် ဂျပန်ဆရာနဲ့ သင်နေတဲ့ ဂျူဒို၊ ဟိုတုန်းက ဂျူဂျစ်ဆု ကိုယ်ခံပညာကိုတောင် ဆက်မသင်နိုင်တော့ဘဲ ဖျက်ပစ်လိုက်ရတယ်။

ကျွန်တော်က တစ်ခုခုလုပ်မယ်ကြံရင် ကြိုတင်သင်ယူလေ့လာပြီးမှ လုပ်လေ့ရှိပါတယ်။ ကျွန်တော် အသံထွက်ကို ရိုက်မယ်ကြံတဲ့အခါ အသံထွက်ကားများ အသုံးတည့်မယ့် စန္ဒရားကို ဆရာကြီး ဆရာခန့်၊ အေဝမ်းခင်မောင်ရဲ့ဦးလေးဆီမှာ သင်ယူခဲ့တယ်။ ဆရာကြီး သေတော့ အဲဒီပညာတွေ ပါသွားတယ်။ ကျွန်တော့်ဆီ မကျန်ခဲ့ပါဘူး။ ဘာပဲဖြစ်နေနေ ... မလုပ်ခင်၊ မကိုင်ခင် ကြိုတင်လေ့လာရပါတယ်။ စန္ဒရားသင်လိုက်ရတဲ့အတွက် အမြတ်တစ်ခု ထွက်လာပါတယ်။ 'မြခွာညို' ဆိုတဲ့ ပထမဆုံး အေဝမ်းဓာတ်ပြားပေါ့။ ၁၉၃၅ ခုနှစ်က ထွက်ခဲ့တာပါ။ ကျွန်တော်နဲ့ ကျွန်တော့်ညီ မောင်မောင်စိုးတို့ ဂျပန်ပြည်မှာ အသံသွင်းယူခဲ့

mgyoe.com

mgyoe.com


ရာမှာ ကျွန်တော့်ညီ မောင်မောင်စိုးက ဆိုတတ်တယ်။ ကျွန်တော်က နည်းနည်းလေး သံပြိုင်လိုက်ရုံပါ။ နောက်ခံ တီးပေးမယ့်လူမရှိတော့ Dance Hall မှာသွားပြီး ဖိလစ်ပိုင်က Piano တီးတဲ့ဆရာ သွားရှာရတယ်။ သူက ခင်ဗျားမှာ Note ပါသလားဆိုတော့ ... Note နဲ့ လိုက်တီးပြီး အဲဒီဓာတ်ပြားကို ဂျပန်မှာ သွင်းခဲ့တာပါ။ မြခွာညိုသီချင်း ဂျပန်မှာသွင်းလိုက်တဲ့အတွက် ဂျပန် အမျိုးသမီးနဲ့ ကျွန်တော် အကြောင်းပါခဲ့ရတာပါ။ သီချင်းသွင်းပြီးတဲ့အခါ သူတို့ကို ဂုဏ်ပြုတဲ့အနေနဲ့ Restaurent ကြီးတစ်ခုမှာ ညစ့်ခံ ကျွေးမွေးဂုဏ်ပြုပါတယ်။ ညစ့်ခံပွဲအပြီး ငွေရှင်းတဲ့အခါမှာ ကျွန်တော့်ဇနီးလောင်းက ငွေကိုင် စာရေးမလေး .... သူနဲ့ တွေ့တယ်။ ဟာ ... ဗမာမလေးနဲ့ တူလိုက်တာဟာဆိုတော့ .... သူက သူ့လိပ်စာကတ်ပြား လေး ထုတ်ပေးတယ်။ နာမည် 'ဆူဇူကီးတကာကို' တဲ့။ နောက်ပိုင်း ကျွန်တော် အဲဒီစားပွဲရုံကို ခဏခဏသွားတာကစပြီး ကျွန်တော့်ဇနီးနဲ့ ရင်းနှီးပြီး အကြောင်းပါတာပါ။ ကျွန်တော့်ဘဝဇာတ်လမ်းက တစ်မျိုးပဲ။ ရုပ်ရှင်ဇာတ်ကားထဲကလိုပဲ။

မြခွာညိုသီချင်းကို ရေးတာက စန္ဒရားကိုအေးပါ။ ကိုအေး နှစ်ယောက်ရှိပါတယ်။ ကြည့်မြင်တိုင်က ကိုအေး (ရွှေတိုင်အေး)နဲ့ ရန်ကုန်က စန္ဒရားကိုအေး (ရွှေပြည်အေး)ပါ။ ရွှေပြည်အေး ရေးတာပါ။ ဂျပန်မှာ ရိုက်တဲ့ ဇာတ်ကားကို နောက်ခံအသံသွင်းရင် ခင်ဗျားကို ခေါ်မယ်၊ အဆင်သင့်လုပ်ထားပါလို့ ပြောခဲ့သေးတယ်။ ဒါပေမဲ့ သူ့ကိုခေါ်ဖို့ မလိုတော့ပါဘူး။ ဂျပန်ပြည်မှာ ရုပ်ရှင်ကား ရိုက်တဲ့အခါ လိုတဲ့နောက်ခံအသံတွေကို လိုသလိုသုံးနိုင်တဲ့ သွင်းပြီး ဓာတ်ပြားတွေရှိပါတယ်။ ကျွန်တော်တို့နဲ့ကိုက်မယ့်အသံတွေကို ရွေးပြီး ထည့်သွားတဲ့အတွက် တူရိယာတီးဝိုင်း ခေါ်စရာမလိုတော့ပါဘူး။ အဲဒီလိုပညာတွေကို ကျွန်တော် လက်တွေ့ မှတ်သားလာခဲ့ရပါတယ်။ ပညာသင်တယ်ဆိုတာ စာအုပ်ဖတ်ရုံနဲ့ ပညာတတ်မလာပါဘူး။ သူတို့ဆီမှာ စာတွေ့ ပညာသင်

mgyoe.com

mgyoe.com


တာနဲ့ လက်တွေ့ပညာမရပါဘူး။ ကျောင်းက စာအုပ်ဖတ်ပြတယ်။ နည်းနည်းပါးပါး ရေးပြတယ်။ သိရုံပဲရှိမယ်၊ တတ်မလာပါဘူး။ ဒါကြောင့် ငါဒီလောက်နဲ့ မဖြစ်ဘူး။ ငါ ပညာသင်ချင်ရင် ပိုက်ဆံ အကုန်ခံရမယ်။ ငွေလိုတယ်၊ ငွေရှာမယ်ဆိုပြီး ရုပ်ရှင်ရိုက်ဖို့ ကြံတာပါ။ ကျုပ်ကား ရိုက်မယ်ဆိုတော့ သူတို့က ဇာတ်လမ်းရှာတယ်၊ ဒါရိုက်တာ ရှာတယ်၊ မီးထိုးတဲ့သူတွေ ရှာတယ်။ ဒီလိုနဲ့ သူတို့ဆီက ထပ်ပြီးပညာတစ်ဆင့် ယူခဲ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် ... ပညာသင်တဲ့၊ ပညာသင်မယ့်သူဟာ မျက်စိနဲ့ မြင်မှတတ်မှာ။ ဒါကြောင့် ခု ရုပ်ရှင်ပညာ သင်နေတဲ့သူတွေကို စတူဒီယိုကို ခေါ်သွားပြီး လက်တွေ့ပြပါ။ ဟောဒါက မီးထိုးတာ၊ ဘာ ... စသဖြင့် ပြပေးရမယ်။ ကျွန်တော် ဟိုမှာ သူတို့ဆီက ပညာတွေ အများကြီးရခဲ့ပါတယ်။ ဒါရိုက်တာ ဘယ်လိုခန့်တယ်၊ လူတွေ ဘယ်လို ခေါ်တယ်၊ အဲဒါတွေကအစ သိခဲ့ရတယ်။ လက်တွေ့ ထိတွေ့မြင်တွေ့ရမှ သာ ယခု သင်နေတဲ့ ပညာသင်တွေဟာ အများကြီး တတ်မှာပါ။ စာသင်လို့၊ ပြောလို့ သိထားတတ်ထားတာထက် လက်တွေ့တတ်တာ၊ သိတာက ပိုအရေးကြီးတယ်။ စာဖတ်ပြီး ရိုက်လို့မရဘူး။ တပည့်တွေက ... 'ဆရာ ... ကျွန်တော် ဘယ်လိုလုပ်ရမလဲဆိုရင်' ... ဆရာက 'နေဦး ... ငါကြည့်ဦးမယ်' ဆိုပြီး စာအုပ်ပြန်လှန်လို့ မပြီးဘူး။ မင်းက ဒီကဝင်၊ ဒီကထွက် ဒီစကားပြော... စသဖြင့် ပြောတတ်၊ ပြတတ်၊ သင်တတ် ရမယ်။

ဂျာမနီမှာ ရုပ်ရှင်စတူဒီယိုတစ်ခုကို ကျွန်တော်ရောက်ခဲ့တယ်။ လေးဖက်လေးတန်မှာ မီးမောင်းတွေ၊ မီးလုံးတွေ တစ်ပတ်ချာ လည်ထွန်းထားတယ်။ တစ်ဖက်ကို အလုံးနှစ်ဆယ်လောက်ရှိတယ်။ လိုချင်တဲ့ မီးတွေ လိုသလိုသုံးလို့ရတယ်။ လူရွှေ့သွားပေမဲ့ မီးလုံးကို လိုက်ရွှေ့ပေးဖို့ မလိုဘူး။ ဟိုနံပါတ်၊ ဒီနံပါတ်မီးဖွင့်၊ ဒီမီးဖွင့်နဲ့ ခလုတ်နှိပ်ရုံပဲ။ အဲဒီအခန်း မရိုက်ခင် Rehearsal လုပ်တဲ့ အလေ့အကျင့်ကို အလေးထားကြတယ်။

mgyoe.com

mgyoe.com


'တောမြိုင်စွန်း' ဇာတ်ကားထဲမှာ မင်းသား ကျွန်တော်နဲ့ တစ်ပါတည်း လူယုံတော်ကြီးအဖြစ် ဦးရွှေရိုးဆိုတာ ထည့်ထားပါတယ်။ သရုပ်ဆောင်သူက မြန်မာပြည်မှာ ကာတွန်းနဲ့သရော်နေတဲ့ ကာတွန်းဆရာကြီး ဦးဘကလေးပါ။ သူက Graduate ပါ။ သူက ကာတွန်းရေးပြီး အင်္ဂလိပ်အစိုးရကို သရော်တယ်။ ကဲ ... ကိုဘကလေး အင်္ဂလိပ်လူမျိုးတွေဘုရားကုန်းတော်ပေါ်တက်လျှင် ဖိနပ်မစီးရဘူးဆိုတော့ သူတို့က ဖိနပ်မချွတ်ဘဲ တက်နိုင်အောင် ဘုရားလူကြီးက ခါးကုန်းပေး၊ အင်္ဂလိပ်က အပေါ်ကခွစီးပြီး တက်တာကို ကာတွန်းရေးစမ်းပါလို့ တွန်းအားပေးတော့ သူကရေးတယ်။ အဲဒီကာတွန်းပါလာတဲ့ သူရိယသတင်းစာကို အင်္ဂလိပ်အစိုးရက နောက်တစ်ခါ ဒါမျိုးပါလာရင် ပိတ်ပစ်တော့မယ်လို့ သတိပေးခံရတယ်။

ကျွန်တော်က မြန်မာအဆွေကထုတ်တဲ့ ဒဂုန်မဂ္ဂဇင်းထုတ်ဝေသူပိုင်ရှင်ပါ။ ၁၃၀၀ ပြည့် အရေးတော်ပုံမတိုင်ခင် မြန်မာတွေ အင်္ဂလိပ်တွေကို တော်လှန်ခါနီးအချိန် ကျွန်တော့်မဂ္ဂဇင်းမှာ ကဗျာတစ်ပုဒ် ထည့်ပါတယ်။ ဗမာတွေရှိသမျှ အင်အားနဲ့ ခါးတောင်းကျိုက် ဓားဆွဲပြီး တော်လှန်ကြ ဆိုတဲ့ ကဗျာမျိုးပါ။ ဒါကို အင်္ဂလိပ်အစိုးရက မဂ္ဂဇင်းကို ဒဏ်ငွေသုံးထောင် ဖိုင်းတပ်တယ်။ မဂ္ဂဇင်းပိတ်ပစ်တယ်။ မဂ္ဂဇင်းထုတ်မှုနဲ့ အဖမ်းခံရတယ်။

ကျွန်တော့်မှာ ဘာပဲဖြစ်နေနေ မခံချင်တတ်တဲ့ စိတ်ရှိတယ်။ ကိုယ့်လူမျိုးကိုစော်ကားရင်း မခံချင်စိတ် .... ဖြစ်တတ်ပါတယ်။ ဒါတွေကို ကျွန်တော့်အနေနဲ့ ဝမ်းမနည်းပါဘူး။ မဟာဗန္ဓုလပန်းခြံလမ်း အချုပ်ထောင်၊ အင်းစိန်သာယာဝတီထောင် ရောက်တယ်။ Experience အတွေ့အကြုံရတာပေါ့။ ထောင်ထဲမှာ ဘယ်လိုစားရတယ်၊ သောက်ရတယ်၊ နေရတယ်ဆိုတာတွေ လက်တွေ့သိရတာပေါ့။

ကာတွန်းဦးဘကလေးကို ဇာတ်ကားထဲမှာ ဘာကြောင့် ဦးရွှေရိုး

mgyoe.com

mgyoe.com


နာမည်ပေးရသလဲဆိုတာ ပြောပြမယ်။ အဲဒီတုန်းက ထင်ရှားတဲ့ အင်္ဂလိပ် အရေးပိုင်ကြီးတစ်ယောက် မြန်မာမှုကို လေ့လာထားတဲ့သူ၊ နတ်အကြောင်း သိတယ်။ မြန်မာရာဇဝင်အကြောင်းတွေ ရေးပြီး အင်္ဂလိပ် ဘာသာနဲ့ စာအုပ်ထုတ်ထားတယ်။ သူ့ကလောင်နာမည်က ရွှေရိုးတဲ့။ အဲဒီနာမည်ကို သရော်ချင်လို့ ကျွန်တော့်လူယုံတော်ကြီးကို ဦးရွှေရိုးလို့ နာမည်ပေးလိုက်တာပါ။

အဲဒီ တောမြိုင်စွန်းထဲမှာ နာမည်ကျော်ကြားခဲ့တဲ့ နောက်တစ်ယောက်က ကျွန်တော့်ညီ မောင်မောင်စိုး (ခေါ်) မောင်တင်ဖေ၊ ကျွန်တော်နဲ့ ကြိုက်နေတဲ့ ကောင်မလေးကိုပိုးနေတဲ့ အိမ်နီးချင်း နောက်ပိုး မောင်မောင်စိုးလို့ လူသိများခဲ့တယ်။ ဦးလေးက ရှေးဝတ် ရှေးစားနဲ့၊ နန်းဝတ် နန်းစားနဲ့ဆိုရင် အလွန်ကြည့်ကောင်းတယ်။ သူက ခေါင်းပေါင်းပေါင်းတာ အလွန်ပိရိတယ်။ နောက်တစ်ယောက်က မော်တော်ကား ပြုပြင်ပေးတဲ့ အင်ဂျင်နီယာ ဦးရာရှင်း။ သူ့ရုပ်က အင်မတန် ကြမ်းတယ်၊ ဆိုးတယ်၊ ဇာတ်ကားထဲမှာ သူ့ကို ဓားပြလုပ်ခိုင်းတယ်။ ပြောစရာမလိုဘူး။ လူမြင်တာနဲ့ ဓားပြဆိုတာ သိတယ်။ အဲဒီလို Character ရွေးတတ်ဖို့လည်း လိုသေးတယ်။ နောက် ဦးရွှေရိုးနဲ့တွဲတဲ့ ဒေါ်မိုး၊ သူ့နာမည်ရင်းက ဒေါ်စိန်ပါ။ ရိုးရိုးအမျိုးသမီးကြီး။ သူနဲ့ ဦးရွှေရိုး တွဲရိုက်ခဲ့တာပါ။ ခုထက်ထိ ဦးရွှေရိုးနဲ့ဒေါ်မိုးအကဟာ မတိမ်ကောသေးဘူး။ နောက်တစ်ယောက်က ကျွန်တော်တို့မင်းသမီး ဥစ္စာစောင့်မလေး၊ သူက အငြိမ့်သင်နေတဲ့ အမြှုညွန့်ပါ။ ဒီကားပြီးတော့ ဥစ္စာစောင့်မလေး၊ ဥစ္စာစောင့်မလေးလို့ ကျော်သွားတယ်။ နောက်တစ်ယောက်က မိမိလေးဆိုတဲ့ မခင်သစ်။ သူတို့တစ်တွေနဲ့ ပတ်သက်ပြီး ကျွန်တော် အကြောင်းရှိလို့ ပြောတာပါ။ ကျွန်တော်ပြောတဲ့အတိုင်း တစ်သဝေမတိမ်း နာခံတယ်။ မရရအောင် လုပ်ပေးတယ်။ ကြိုးစားကြတဲ့အတွက် 'တောမြိုင်စွန်း' ဇာတ်ကားဟာ လူကြိုက်များ ကျော်ကြားလာပြီး သူတို့တွေပါ တွဲပြီး နာမည် ကျော်ကြားလာ

mgyoe.com

mgyoe.com


ကြရပါတယ်။

အဲဒီတောမြိုင်စွန်းမှာ ထူးခြားတာတွေရှိတယ်။ ဇာတ်ကား (၂၂) ပိုင်းရှိတယ်။ (၂၂) ပိုင်းမှာ နှစ်ရုံခွဲပြတယ်။ တစ်ချိန်တည်း ပထမအပတ်မှာ (၆) ပိုင်း၊ နောက်အပတ်မှာ (၈) ပိုင်း ခွဲပြတယ်။ ရုံနှစ်ရုံ တစ်ချိန်တည်း ပြတာ မြန်မာပြည်မှာ ဒါပထမဦးဆုံးပဲ။ ဒီ့အရင်က ရုံနှစ်ရုံခွဲပြတာ မရှိဘူး။

နောက်တစ်ကားက 'နဖူးစာရွာလည်'၊ မင်းသား ညီအစ်ကိုက တော့ ဦးစိန်နဲ့ဦးရှိန်။ ဦးစိန်က တရားသမား၊ ဦးရှိန်က ဝိလျံဂျက်မှာ အလုပ်လုပ်တယ်။ ဦးရှိန်က ကာယဗလနဲ့ နာမည်ကြီးတယ်။ ဦးရှိန်က ကျွန်တော့်သူငယ်ချင်း။ ကျောင်းမှာတုန်းက အတူတူထိုင်တာပါ။ သူ ဘာလုပ်လဲ...၊ မော်တော်ကား ကြိတ်ခံပြတယ်။ အိမ်ပြတင်းပေါက်က သစ်ပင်ပေါ်ကို ဒိုင်ဗင်ထိုးချပြတယ်။ သစ်ပင်ကိုဆွဲတယ် အောက်ကို ဒိုင်ဗင်ထိုးချတယ်။ အဲဒါတွေ သူလုပ်တယ်။ ၁၉၂၀ ခုနှစ်လောက်မှာ ရုပ်ရှင်နယ်ထဲကို ကာယဗလ (အလေးမဆရာကြီး) တွေ ပါဝင်လာခဲ့ တယ်။ ပန်းပဲမောင်တင့်တယ်အဖြစ် သရုပ်ဆောင်တဲ့ ဒေါက်တာဝေါလ် တာချစ်ထွန်း။ သူက ကိုယ်ကာယ အလွန်လှတယ်။ သူ့ကို ပန်းပဲမောင် တင့်တယ် လုပ်စေပြီး ဗန္ဓုလရုပ်ရှင်က ရိုက်ပါတယ်။

အဲဒီနှစ်မှာပဲ ကျွန်တော်တို့ရဲ့ ရုပ်ရှင်ဖခင်ကြီး ဦးအုန်းမောင် ငွေရေးကြေးရေး အပြည့်အစုံနဲ့ ရုပ်ရှင်ထဲ ပြန်ဝင်လာတယ်။ မန္တလေး တက်ပြီး 'ရတနာပုံ' ဇာတ်ကားရိုက်တယ်။ အင်္ဂလိပ်ဝတ္ထု 'အီစလင်'ကို ရတနာပုံအမည်နဲ့ရိုက်တာပါ။ ကိုတုတ်ကြီး၊ ကိုပုက ကျွန်တော်တို့ကို လိုရာဇာတ်ညွှန်း Script တွေ၊ ဘာတွေမရေးဘဲ ဝတ္ထုစာအုပ်အတိုင်း Dialogue တွေကို အဲဒါပြော ... အဲဒါပြောနဲ့ စာအုပ်မှာ ခဲတံနဲ့ခြစ်ပြီး ရိုက်တော့ ဇာတ်ကား ပေရှည်သွားတယ်။ ဇာတ်ညွှန်း Script ရေးတော့ မှန်းလို့ရတယ်။ 'ရတနာပုံ' ဇာတ်ကား အပိုင်း (၆၀) အထိ ဖြစ်သွားတယ်။

mgyoe.com

mgyoe.com


(၆၀) ကနေ ပြန်ဆက်တာတောင် (၄၅) ပိုင်း ကျန်အောင် အတော်ဖြတ်ရတယ်။

'ချစ်သမျှကို' ဇာတ်ကားက စပြီး နာမည်ထွက်တာက ... ကိုကျင်။ ရုပ်ရှင်နာမည်က 'ဘတင့်'။ ကျွန်တော်တို့အဖေ မြန်မာအဆွေကုမ္ပဏီက စာရင်းကိုင်စာရေးကြီး။ သူတို့မင်းသားလိုချင်တော့ ... ကျွန်တော်ပဲ ဦးအုန်းမောင်ကို ခေါ်ပေးလိုက်တာပါ။

မြန်မာတစ်ပြည်လုံးမှာ အမျိုးသားစိတ် သိပ်တက်ကြွနေတဲ့ အချိန်မှာပဲ ပဲရော့တက်စီမော်တော်ကား အငှားကုမ္ပဏီပိုင်ရှင် ဦးဆန်နီ ကပဲရော့အမည်နဲ့ ရုပ်ရှင်ကုမ္ပဏီထောင်တယ်။ ရန်ကုန်မြို့မှာ တရုတ်လူမျိုးတွေ ခေါင်းဆောင်ပြီး အကြီးအကျယ် လောင်းကစားနေတဲ့ (၃၆) ကောင်ကို အကြောင်းပြုပြီး ဒါရိုက်တာဦးဘသာက မင်းသား မောင်အေးကို၊ မင်းသမီး ခင်မေလေးတို့နဲ့ '(၃၆) ကောင်' ဇာတ်ကားကို ရိုက်ကူးပြသခဲ့တာ ခေတ်နဲ့လျော်ညီတဲ့အတွက် လူကြိုက်များခဲ့ပါတယ်။ ဦးဆန်နီက ဆက်ပြီး .... 'အလံတောင်'၊ 'ဆွေဗမာ'၊ 'တို့ဒေါင်းလံ'၊ 'နံပါတ်တုတ်'၊ 'သခင်မျိုး' ....စသော အမျိုးသားလှုံ့ဆော်ရေး ကားများကို ရိုက်ကူးပြသခဲ့ပါတယ်။

မြန်မာကာတွန်းဇာတ်လမ်းရှည် ကားတစ်ကားကို ကာတွန်းဆရာဦးဟိန်စွန်းနှင့်ဦးဘဂျမ်းတို့က ရေးဆွဲပြီး 'ကြက်တောင်ကွ' အမည်နှင့် ကာတွန်းကားကို 'သတင်းထောက်' ဇာတ်ကားနှင့်အတူ ပလာဇာရုံ (ယခု ရဲရင့်ရုံ) မှာ ပြသခဲ့တာ ရုပ်ရှင်ဝါသနာအိုးများ နှစ်ထောင်း အားရကြည့်ရှုအားပေးကြတယ်။

၁၉၃၁ ခုနှစ်မှာ ရွှေနှင်းဆီဇာတ်ကားကို ရိုက်တယ်။ မင်းသမီးအသစ်။ ကျွန်တော်သုံးလျှင် မင်းသမီးအသစ်ကိုပဲ သုံးတယ်။ ပုံလောင်းလို့ကောင်းလို့ပါ။ ဗမာမှာ အဆိုရှိပါတယ်။ စည်းကျိုးနေလျှင် အကသင်ရခက်တယ်တဲ့။ ကျွန်တော်တင်တဲ့ မင်းသမီးဟာ သူနဲ့ဇာတ်ထုပ်အရ ကိုက်

mgyoe.com

mgyoe.com


နေလို့ပါ။ ဆရာကိုယ်တိုင်က ခေါင်းနည်းနည်းငုံ့နေလို့ သူက ခေါင်းနည်းနည်းငုံ့နေတယ်။ ဘာ ဘယ်လိုလုပ်မလဲ၊ နဖူးပဲမြင်ရတယ်ဆိုပြီး မနည်း သူ့ကိုဖျောက်ယူရတယ်။ စည်းကျိုးတယ်ဆိုတာ ဟုတ်တာပဲ။ ပထမဆရာ သင်ပေးတဲ့အထာပါနေလို့။ ပထမ သင်တဲ့သူက ဖြူးဖြူးဖြောင့်ဖြောင့်ဖြစ်လျှင် နောက်ဆရာက လွယ်တယ်။

မင်းသမီးက အသစ်၊ ပုသိမ်သူ။ နာမည်က မခင်မြင့်။ အပျိုဖော်ဝင်စ စိတ်ကစားစအရွယ်၊ ချစ်တတ်တဲ့စိတ်တွေ ဝင်လာပြီး လမ်းလျှောက်တဲ့အခန်း ကျင့်သားမရသေးလို့ မင်းသမီးကို အခန်းသေးသေးလေးထဲမှာ လမ်းလျှောက်ကျင့်ခိုင်းရတယ်။ ရိုက်မယ်လုပ်ရာမှာ Rehearsal လုပ်ခိုင်းတဲ့သဘောပေါ့။ အဲဒီအခန်းကို ရိုက်တော့ သုံးရက်ကြာ ရိုက်ယူရတယ်။

ခုလူတွေ Rehearsal ဆိုရင် မလုပ်ချင်ကြဘူး။ ဆရာရေ ... လုပ်တတ်ပါတယ်။ ရိုက်သာရိုက်ပါလို့ ပြောကြတယ်။ ကျွန်တော်ကင်မရာထဲက ဖလင်ထုတ်ထားပြီး ရိုက်ဟန်ဆောင်ရတယ်။ ရိုက်ပြီးတော့ ဆရာကြိုက်ပြီလားလို့ မေးတယ်။ နည်းနည်းတော့ သဘောမကျသေးဘူး။ ဒါပေမဲ့ ငါ့မှာတော့ ဖလင် (၄၀၀) လိပ် ကုန်သွားပြီလို့ ပြောရတယ်။

ရုပ်ရှင်တွေ တဖြည်းဖြည်း ကျဆင်းတာက အဲဒီအကြောင်းတစ်ရပ်လည်း ပါတယ်။ ဒါရိုက်တာ ခိုင်းတဲ့အတိုင်း မလုပ်လို့။ သူတို့ကိုယ်တိုင်လည်း လုပ်တတ်သလားဆိုတော့ ... မလုပ်တတ်ဘူး။ ခိုင်းတော့ ထင်ရာလျှောက်လုပ်တယ်။ ဒါရိုက်တာကလည်း စိတ်မရှည်တော့ကဲ ... ဒါ ရိုက်ကွာဆိုပြီး ရိုက်လိုက်တော့ ... ဘယ် ကောင်းတော့မလဲ။ ကင်မရာရှေ့မှာ ဟောဒီလိုရိုက်လျှင်လည်း ဒါရိုက်တာပဲ၊ မီးလာထိုးတာလည်း ဒါရိုက်တာပဲ၊ ဒါရိုက်ဆိုတာ မလွယ်ဘူး။ ခက်တယ်နော်။ ဦးနှောက်ထက်ရပါတယ်။ ခေါင်းသိပ်ကောင်းရပါတယ်။ စာတွေအများ

mgyoe.com

mgyoe.com


ကြီး ဖတ်ရပါတယ်။ ကိုယ်ကိုယ်တိုင်လည်း သွားလေ့လာ ကြည့်ရပါတယ်။ ငါးစိမ်းသည်တစ်ယောက် ငါးရောင်းလျှင် ငါးရိုက်တာကို တကယ်တူအောင် သွားကြည့်ရပါတယ်။ လမ်းသွားရင်း မျက်စိကို အနားမထားရပါဘူး။ ဟိုဈေးသည်က ဘယ်လိုလုပ်တယ်၊ ရန်ဖြစ်တဲ့ အခန်းကအစ လုံချည်လေးမပြီး ခုန်တာကအစ ကြည့်ထားရမယ်။ ကဲ ခုန်တက်ပါဆိုလို့ ခုန်တက်တာကို မခုန်တတ်လို့ မကြိုက်လျှင် ... ဟော ဒီလိုခုန်ရတယ် ဆိုပြီး ကိုယ်က ခုန်ပြတတ်ရမယ်။

'ရွှေနှင်းဆီ' ဇာတ်ကား ပြသနေတဲ့ ၁၉၃၁ ခုနှစ်၊ မတ်လ (၁၁) ရက်နေ့မှာ ကမ္ဘာကျော် အမေရိကန်ရုပ်ရှင်လုပ်ငန်းမှ ကုမ္ပဏီပိုင်ရှင် ဒါရိုက်တာမင်းသားကြီး ဒေါက်ဂလပ်စ်ဖယ်ယာဘင့်နှင့် နာမည်ကျော် ရုပ်ရှင်ဒါရိုက်တာ မစ္စတာ ဗစ်တာဖလင်းမင်းတို့လူစု ကမ္ဘာသို့ လှည့်လည်ရင်း မြန်မာပြည်ကို ဝင်ရောက်လာကြတယ်။ အဲဒီအခါ 'ရွှေနှင်းဆီ' ဇာတ်ကားပြသနေတဲ့ 'အော်လံပီယာရုံမှာ ဖိတ်ကြားပြီး ဇာတ်ကားကို ပြသကာ ထင်မြင်ချက်ကို တောင်းတဲ့အခါ ဒေါက်ကလပ်စ်ဖယ်ယာဘင့်က 'မင်းရုပ်ရှင်ကားနဲ့ ပတ်သက်လို့ ပြောရဦးမယ်။ ငါ အစတုန်းက ဒီလောက် ပညာသားပါလိမ့်မယ်လို့ မထင်မိခဲ့ဘူး။ မင်းကား ကြည့်လိုက်တော့မှ ငါ အံ့အားသင့်သွားတာပဲ။ ဘာဖြစ်လို့လဲဆိုရင် ... မင်းရဲ့ ဝမ်းထဲမှာ ရုပ်ရှင်ပညာ ခဲရာခဲဆစ်တွေဟာ မွေးကတည်းက ပါလာသလို မင်းရိုက်ထားတာကို တွေ့ရတယ်။ အဲဒီပညာမျိုးဟာ တို့အမေရိကန်ပြည်နဲ့ ရုရှားပြည်က ပညာသည်တွေမှသာ တတ်ကျွမ်းကြတာ။ အခု မင်းကား ကြည့်ပြီးတော့ အဲဒီပညာမျိုး မင်းဝမ်းထဲမှာ ရှိနေတာကို တွေ့ရတော့ ... ငါ အများကြီး အံ့အားသင့်မိတယ်။ မင်းလည်း ဆက်ကြိုးစားပါ။ ရှေ့ကို အများကြီးတိုးပွားဖို့ လမ်းတွေ ငါမြင်မိတယ်' လို့ ချီးကျူးစကား ပြောကြားသွားခဲ့တယ်။ ဒါ မြန်မာ့ရုပ်ရှင်လုပ်ငန်းအတွက် ဂုဏ်ယူရဖို့ ပဲဖြစ်တယ်။

mgyoe.com

mgyoe.com


ကျွန်တော် 'ဆုထူးပန်' ကားကို ကက်ပတိန်ဂျော့ပတင်မားလစ် လာကြည့်ပြီးတော့ သဘောကျပြီး သူ့ဆီကို ပို့ပေးရင် ကြံဖန်ပြီး ရောင်းပေးပါမယ်လို့ ပြောလို့ အင်္ဂလန်ပြည် လန်ဒန်မြို့၊ ရှိုကီးဖလင်လီမိတက်သို့ ဥရောပတိုက်တွင် ပြသနိုင်ရန် စီစဉ်တင်ပို့ပေးလိုက်တယ်။ အဲဒီကုမ္ပဏီက နာမည်ကျော်ရုပ်ရှင်ဒါရိုက်တာ မစ္စတာ 'အက်ဒရိမ်ဘရှုနယ်' ကို ရုပ်ရှင်ကား တည်းဖြတ်ဖို့ ငှားရမ်းတည်းဖြတ်စေပြီး ရုပ်ရှင်သတင်းထောက်များကို ပြသရာမှာ မြန်မာလူမျိုးအတွက် ဂုဏ်ယူနိုင်လောက်အောင် အမူအရာ၊ အခမ်းနား အပြင်အဆင်က စ၍ အထက်တန်းကျကျ ရိုက်ကူးထားတဲ့အပြင် ဓာတ်ပုံရိုက်ကူးထားပုံများမှာ အလွန်တရာပင် ကြည်လင်ပြတ်သားလှကြောင်း ... စသည်ဖြင့် ရေးကြပါသည်။ ဓာတ်ကား နာမည်ကိုတော့ LADIES PREFER BOND အဓိပ္ပာယ်ကတော့ ... 'အမျိုးသမီးများဟာ နှောင်ကြိုးကို ပိုကြိုက်တယ်' ဆိုတဲ့ သဘောပေါ့။ 'မိန်းမကြိုက်တော့ စိုက်စိုက်လာ' အင်္ဂလိပ်စာတန်းထိုးပြီး နောက်ခံတေးသံကိုလည်း အင်္ဂလိပ်တေးသံနဲ့ ပြတယ်။ အဲဒီဓာတ်ကားကို အမေရိကန်ရုပ်ရှင် ယူနီဗာဆယ်ကုမ္ပဏီက ဝယ်ပြီး ဥရောပတိုက်မှာ ဖြန့်ချိပြသခဲ့တယ်။

၁၉၃၅ ခုနှစ် နှစ်ဦးမှာ ကျွန်တော်နဲ့ ကျွန်တော့်ညီ မောင်မောင်စိုးတို့ ဂျပန်ပြည်ကို အသံထွက်ရိုက်နိုင်သော ပစ္စည်းများ ဝယ်ယူဖို့ သွားကြတယ်။ ဂျပန်ပြည်ရောက်တဲ့အခါ ဂျပန်ပြည်ရဲ့ ရုပ်ရှင်လုပ်ငန်းများစွာ တိုးတက်နေတာကိုတွေ့တာနဲ့ ဓာတ်ကားတစ်ကား ရိုက်ကူးရလျှင် ကောင်းမည်လို့ စိတ်ကူးမိပြီး 'ဂျပန့်ရင်သွေး' အမည်နဲ့ ကိုယ်တိုင်ပါဝင်ပြီး ဒါရိုက်တာလုပ် ရိုက်ကူးခဲ့တယ်။ အဲဒီကားမှာ မောင်မောင်စိုးနဲ့ ဂျပန်ပြည်တွင် ရောက်ရှိနေကြသော မြန်မာလူမျိုးတွေနဲ့ ရိုက်ကူးခဲ့တယ်။ အဲဒီဓာတ်ကားကို ရန်ကုန်မြို့တွင် ၁၉၃၅ ခုနှစ်၊ ဒီဇင်ဘာ (၃) ရက်နေ့မှာ ပြသခဲ့ပါတယ်။

mgyoe.com

mgyoe.com


ဂျပန်ပြည်က ဝယ်ယူလာခဲ့တဲ့ အသံထွက်စက်ကိရိယာများနှင့် ဓာတ်ပုံကင်မရာတို့ကို စမ်းသပ်တဲ့သဘောနဲ့ ... 'ဖူးစာရှင်'၊ 'ဝေဘာဂီ'၊ 'မှော်စက်ရောင်'၊ 'ကြင်သက်ဝေ'၊ 'မောင့်ဝိညာဉ်'၊ 'မြမျက်ခြယ်'၊ 'မိန်ရာသီ' ဓာတ်ကားတွေကို သံစုံသွင်းပြီး စမ်းသပ်ရိုက်ကူးပြသခဲ့တယ်။ အဲဒီလို အသံများကို စမ်းသပ်ပြီး စိတ်ချလောက်မှ ဒါရိုက်တာ ဦးတင်မောင် ကိုယ်တိုင်ပါဝင်ရိုက်ကူးတဲ့ 'ချစ်စနိုး' အသံထွက်ကားကို ၁၉၃၈ ခုနှစ်၊ ဖေဖော်ဝါရီ (၅) ရက်နေ့မှာ တင်ပြခဲ့ပါတယ်။

ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီကလည်း အိန္ဒိယပြည်၊ ဘုံဘေ မြို့မှ အသံထွက်ရိုက်ကူးနိုင်တဲ့ စက်တွေဝယ်ယူပြီး ပထမဦးဆုံး အသံထွက်ဓာတ်လမ်းရှည် ရိုက်ကူးပါတယ်။ ဦးညွန့်၊ ဦးညာဏတို့ကို ဓာတ်လမ်းတိုတစ်ခုစု ရေးသားပေးပို့ရန် တာဝန်ပေးလိုက်ပါတယ်။

ဦးညာဏက အဲဒီအချိန်အခါက မြန်မာပြည်တစ်ပြည်လုံး နိုင်ငံရေးစိတ်ဓာတ်များ ပြင်းထန်နေတာကိုသိအောင် လူမျိုးရေးသဘောတရားပါတဲ့ ပဋိက္ခယားနှင့်ရွှေအိမ်သည်၊ စောလူမင်းတို့ရဲ့အဖြစ်အပျက် ကလေးကို မြန်မာဆန်ဆန် တေးသီချင်းများနဲ့ ရေးသားပြီး ကိုယ်တိုင် ဒါရိုက်တာလုပ်ကာ 'ပဋိက္ခယား' ဓာတ်ကားနှင့် 'ဗေဒါ' အသံထွက် ဓာတ်လမ်းတို့ကို စတင်ရိုက်ကူးလို့ အသံတိတ်ကားနဲ့တွဲဖက် ပြသခဲ့တယ်။

၁၉၃၂ ခုနှစ်မှာ ဘားမား အင်ပီးရီးရယ်ရုပ်ရှင်ကုမ္ပဏီက မစ္စတာ နာဇာမိတာ၊ ဒါရိုက်တာဦးတုတ်ကြီး၊ ဝတ္ထုနဲ့ဓာတ်ညွှန်းရေးဆရာ ဒဂုန်နတ်ရှင်နဲ့တကွ ရုပ်ရှင်ပညာသည်များ ဖြစ်ကြတဲ့ မင်းသား မောင်အေးကို၊ ခင်မောင်ညွန့်၊ ချစ်တင်ကြီး၊ မင်းသမီး ခင်မကြီး၊ ခင်မလေး၊ ခင်ခင်သန်း (ဦးတုတ်ကြီးဇနီး)၊ အငြိမ့်မင်းသမီး မန္တလာသောင်း၊ ရုပ်သေးမင်းသားကြီး ဦးသာယာ၊ မင်းသမီးကြီး ဒေါ်သိန်း၊ ဝိုင်းတော်တီး ရွှေပြည်အေး၊ အရှေ့ပိုင်းဆရာချစ်၊ တယော ကိုဘရီနှင့်ကိုအေးမောင်၊ အဆိုတော် ပြည်မောင်ကြီး၊ ဆိုင်း ကိုဘတင်တို့ အပါအဝင် စုစုပေါင်း ပညာသည်

mgyoe.com

mgyoe.com



(၂၂) ဦးတို့ကိုခေါ်ပြီး ဘုံဘောမြို့မှာ မြန်မာအသံထွက်ဇာတ်ကားတစ်ကား ရိုက်ဖို့ သင်္ဘောနဲ့ သုံးရက်ကြာ သွားရတဲ့အတွင်း ... သင်္ဘောပေါ်မှာ... ရိုက်ကူးမည့် ဇာတ်လမ်းကို ဇာတ်တိုက်ခြင်း၊ တေးသီချင်းများကို သီဆို လေ့ကျင့်ကြပါတယ်။ ဒါကြောင့် ဘုံဘောမြို့ကိုရောက်တဲ့အခါ 'ငွေပေး လို့မရ' အသံထွက်ဇာတ်ကားကို (၂၉) ရက်နဲ့အပြီး ရိုက်နိုင်ခဲ့ပါတယ်။

ငင်းဇာတ်ကားကို ရန်ကုန်မြို့ ပလာဇာရုံ (ယခု ရဲရင့်ရုံ) မှာ မေလနောက်ဆုံး အပတ်၌ ပြသခဲ့ရာမှာ မြန်မာလူမျိုး ရုပ်ရှင်ပညာသည် များပါတဲ့ အသံထွက်ဇာတ်ကားဖြစ်လို့ ကြည့်ရှုအားပေးသူ များပြားပါ တယ်။ ဘုံဘောမြို့မှာ ကျန်ခဲ့တဲ့ ဦးတုတ်ကြီးတို့ လူသိုက်ကလည်း 'လော က စကြာ' ... အသံထွက် ဇာတ်ကားတစ်ကားကို နောက်ထပ် ရိုက်ကူး နိုင်ခဲ့တယ်။

ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်း ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီမှ နုတ်ထွက်လာတဲ့ ဦးဘညွှာ၊ ဦးမောင်မောင် (လန်ဒန်အတ်)၊ ဦးဘသင်တို့ ပေါင်းစပ်ပြီး ဒါရိုက်တာဦးဘသင်က 'မောင့်သတ္တိ'၊ ဒါရိုက်တာ ဦးကိုကို ကြီးက 'သူဌေးမ'၊ ဒါရိုက်တာဦးဘသင်က 'ငွေမျက်နှာ'၊ 'ဤလူ့ဘုံ'၊ 'တက်လူ'၊ ဒါရိုက်တာ ဦးသိန်းမောင်က 'ကျား'၊ ဒါရိုက်တာဦးညာဏက 'ငွေလောက'... စတဲ့ ဇာတ်ကား (၇)ကား ကို ရိုက်ကူးခဲ့တယ်။ ဒါရိုက် တာ ဦးသိန်းမောင်ရဲ့ 'ကျား' ဇာတ်ကား ရိုက်ကူးပြီးနောက်ပိုင်း ဒါရိုက်တာ 'ကျားဦးသိန်းမောင်' လို့ အမည်တွင် ခဲ့တယ်။

ဒါရိုက်ဦးတုတ်ကြီးဦးစီးတဲ့ (ရွှေပြည်စိုး) ရုပ်ရှင်ကုမ္ပဏီက လည်း 'ရဲဘက်တော်'၊ 'တစ်ရွာသား'၊ 'သူရဲကောင်း'၊ ရန်ကြီးအောင်'စတဲ့ ဇာတ်ကားအတော်များများ ရိုက်ကူးခဲ့တယ်။

ဦးသက်နှင်းနဲ့ ဦးရှမ်းတို့ကလည်း (သက်နှင်းဘရားသား ရုပ်ရှင်) တည်ထောင်ပြီး ဒါရိုက်တာဦးသိန်းမောင်က 'မင်းအာဏာ'၊ ဒါရိုက်တာဦးဘသင်က 'ဓားနှစ်လက်'၊ ဒါရိုက်တာ ဦးညာဏက 'သီရိ

mgyoe.com

mgyoe.com


ဂေဟာ'၊ ဒါရိုက်တာဦးဘရှင်က 'ပဋာစာရီ'... စသည့် ဇာတ်ကားများ ရိုက်ကူးခဲ့ပါတယ်။

မောင်မောင်စိုးရုပ်ရှင်ကုမ္ပဏီကလည်း ... ဒါရိုက်တာ မောင်မောင်စိုးကိုယ်တိုင်ပါဝင်ပြီး ခင်နှင်းရီနှင့်တွဲကာ စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေးရေးတဲ့ 'ရွှေစွန်ညို' ဝတ္ထုကြီးကို 'ရည်းစားဓားပြ' အသံထွက်ဇာတ်ကားအဖြစ် ရိုက်ကူးခဲ့တယ်။

အဲဒီခေတ် အဲဒီအခါက ရုပ်ရှင်ပညာသည်များကို သုခုမ အနုပညာနဲ့ ပတ်သက်လို့ မြန်မာအမျိုးသားအဖွဲ့အစည်းများက အားပေးတဲ့အနေနဲ့ ရုပ်ရှင်မင်းသား (ကျော်စိုး)၊ (ချစ်ရွှေ)၊ (ကျော်အေး) တို့နှင့် ဒါရိုက်တာ (ဦးတင်မောင်) နဲ့ (ဦးချန်ထွန်း)တို့ကို ရွှေတံဆိပ်များ ချီးမြှင့်ခဲ့ပါတယ်။

ဒါရိုက်တာလုပ်မယ်ဆိုရင် ... ခု သင်တန်းထဲမှာ ဒါရိုက်တာဖြစ်မယ့် ဝါသနာပါတဲ့လူရော၊ ကင်မရာ၊ အသံဖမ်း၊ ကားကူး၊ ကားဆေးလုပ်မယ့်လူရော အစုံပါပါတယ်။ ဒါရိုက်တာသင်တန်းဆိုပေမဲ့ ဒါရိုက်တာ ချည်းမဟုတ်ပါဘူး။ ရုပ်ရှင်သင်တန်းပါ။ ဒါရိုက်တာပညာ၊ ဇာတ်ညွှန်းရေးတာ၊ ဓာတ်ပုံရိုက်တာ၊ ကားဆက်၊ အသံရော တာကအစ အစုံသင်ပေးပါတယ်။ သူတို့နိုင်ငံမှာလည်း ဒါရိုက်တာ သင်တန်းရယ်လို့ မရှိပါဘူး။ အဲဒီတော့ ဒီထဲက ထူးချွန်တဲ့လူတွေ ထွက်လာမှာပဲ။ ကိုယ်ဝါသနာပါတာကိုတော့ ပိုပြီးကြိုးစားစေချင်တယ်။

ဘာပဲဖြစ်နေနေ ... ကျွန်တော်တို့ရုပ်ရှင်ဟာ အဆင့်အတန်းမနိမ့်ပါဘူး။ ဦးတင်မောင်တို့ ဗီယက်နမ်သွားတုန်းက ရတနာပုံဇာတ်ကားယူသွားတယ်။ သူတို့က မင်းသား၊ မင်းသမီးတွေကိုတော့ ... တကယ်လုပ်နေသလိုပဲလို့ ချီးမွမ်းကြပါတယ်။

တစ်ခါ ရုရှားကို ကျွန်တော် 'အကျော်အမော်' ဆိုတဲ့ ကားယူသွားပါတယ်။ ဇာတ်ကားမှာ ညီအစ်မနှစ်ယောက်။ တစ်ယောက်က

mgyoe.com

mgyoe.com


ချမ်းသာတယ်။ ချမ်းသာသလောက် နိုင်လိုမင်းထက် လုပ်တတ်တယ်။ ညီမကတော့ ဆင်းရဲတယ်၊ သဘောကောင်းတယ်ဆိုတဲ့ နှစ်ယောက်ရဲ့ လုပ်ပုံကိုင်ပုံ ကွဲတယ်ဆိုတာကိုပြတယ်။ ဘယ်လောက် သဘောကျသလဲ ဆိုရင် ... ဗမာအသံကိုပဲဖွင့်ပေးပါ၊ စကားပြန်က အသံထွက်လာရင် ရုပ်ရှင်နိုင်းပစ်တယ်။ ရုပ်ရှင်ကြည့်ရင် ... သူတို့ သဘောပေါက်တယ်။ ဗမာအသံကိုပဲ နားထောင်ချင်တယ်။ ခင်ဗျားပြောတာ နားမထောင်ချင်ဘူးလို့ တားတယ်။ ဗမာကားတွေဟာ နိုင်ငံခြားကို သွားနိုင်ပါတယ်ဆိုတဲ့အချက်ကို ကျွန်တော် ပြောနေတာပါ။ သွားနိုင်အောင်လည်း ကျွန်တော်တို့ ရိုက်ရမယ်။ ဒါကြောင့် သင်တန်းသားတွေက ကြိုးစားပြီး နောက်ရိုက်နိုင်အောင် ကြိုးစားပါလို့ ပြောချင်ပါတယ်။

ကျွန်တော်တို့ မြန်မာကုမ္ပဏီတွေက ရိုက်ကူးတဲ့ဇာတ်ကားတွေ နိုင်ငံခြားကို တင်ပို့ပြသနိုင်ခဲ့တာတွေ ရှိပါတယ်။

ဗြိတိသျှဘားမားကဆို ... 'သူရိယကုမ္ပဏီ'၊ 'မဟေသီ'၊ 'တေမိယ'၊ 'တောင်နန်းသွား'၊ 'ဗုဒ္ဓဝင်' ဇာတ်ကားများကို ထိုင်းမှာ ပြသရပါတယ်။ အေဝမ်းက 'ဖူး'၊ 'မြဒါလီ'၊ 'စိမ်းရွှေရွှေ'၊ 'ဝေဘာဂီ'၊ 'ဂျပန်နဲ့ရင်သွေး' အသံထွက်ဇာတ်ကားများကို ထိုင်း၊ 'မြိုင်ယံဘွား' ဇာတ်ကားကို အိန္ဒိယ၊ မဒရပ်မြို့မှာ ပြသနိုင်ခဲ့သလို ... 'ဆုထူးပန်' ဇာတ်ကားကိုလည်း ဥရောပတိုင်းပြည်များမှာ ပြသနိုင်ခဲ့ပါတယ်။

*

## ရုပ်ရှင်သမိုင်းအကြောင်း

မြန်မာရုပ်ရှင် စတင်ပေါက်ဖွားလာတဲ့ ၁၉၂၀ ခုနှစ်၊ အစ ပထမ ရုပ်ရှင်ဇာတ်လမ်းဟာ စာရေးဆရာကြီး ပီမိုးနင်းရဲ့ (မေတ္တာနဲ့သူရာ) ဇာတ်လမ်းဖြစ်တဲ့အတွက် မြန်မာရုပ်ရှင်လုပ်ငန်းအဖို့ အထူး လာဘ်

mgyoe.com

mgyoe.com


ကောင်းတယ်လို့ ဆိုရမယ်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီ ပထမဆုံးဇာတ်လမ်းဟာ မြန်မာလူမျိုးများ သင်ခန်းစာယူရန်၊ သတိသံဝေဂရရန်၊ ဆင်ခြင်တုံတရားများ ဖြစ်ပွားစေရန်၊ အရက်ကြောင့် မည်မျှ အတိဒုက္ခရောက်ရှိပုံတွေကို ဆုံးမပြသထားတဲ့ ပညာပေး ဇာတ်လမ်းကား ဖြစ်လို့ပါပဲ။

၁၉၂၀ ခုနှစ်က ၁၉၃၀ ခုနှစ် (၁၀) နှစ်အတွင်း ရုပ်ရှင်ကုမ္ပဏီပေါင်း (၁၁) ခု ရိုက်ကူးပြသသွားတဲ့ ရုပ်ရှင်ကားပေါင်း (၂၀၀) ကျော်တို့မှာလည်း များသောအားဖြင့် ရှေးနိပါတ် ဘုရားဟောဇာတ်၊ ရာဇဝင်၊ ဒဏ္ဍာရီပုံပြင်များကို မိုးပျံ၊ မြေလျှိုး၊ ကိုယ်ပျောက် စတဲ့ ... ကင်မရာလှည့်စားချက်များနဲ့ ရုပ်ရှင်ကုမ္ပဏီတိုင်းလိုလို ရိုက်ကူးပြသခဲ့ကြပါတယ်။ မြန်မာလူမျိုးတို့က ရှေးဟောင်းပုံပြင်၊ ရာဇဝင်ဇာတ်လမ်းများကို မိမိတို့ငယ်စဉ်ကလေးဘဝက အဘိုး၊ အဘွား၊ ဆရာ၊ မိဘ၊ အဒေါ် သားချင်းများက ပြောပြခဲ့တဲ့ ပုံပြင်ဝတ္ထုများကို (ဟိုးရှေးရှေးတုန်းက) ဆိုပြီး အစချီပြောလာခဲ့တာကို စွဲလမ်းလာခဲ့ကြတယ်။ မြန်မာ့ ဇာတ်သဘင်၊ ရုပ်သေး .... စတဲ့ ဝါဂီနစ် ပညာရှင်များကလည်း ရှေးဟောင်း ရာဇဝင်၊ ဘုရားဟော၊ နိပါတ်တော်လာ ဝတ္ထု ဇာတ်လမ်းများကိုသာ ကပြခဲ့ကြတယ်။

၁၉၃၁ ခုနှစ်က ၁၉၄၁ ခုနှစ် (၁၀) နှစ်မှာ ရိုက်ကူးပြသကြတဲ့ မြန်မာရုပ်ရှင်ဇာတ်လမ်းများမှာ မြန်မာပြည်ရဲ့လက်ရှိနိုင်ငံရေး အခြေအနေအရ ... မြန်မာလူငယ်များ တိုင်းပြည်အတွက် စွန့်စားချင်စိတ်၊ မိမိ၏အမျိုးနဲ့ တိုင်းပြည်ကိုချစ်တဲ့ မျိုးချစ်စိတ်များ ရှင်သန်ပေါ်ပေါက်လာအောင် ဇာတ်လမ်းများဆင်ပြီး လှုံ့ဆော်ရိုက်ကူးလာခဲ့ကြတယ်။ အထူးသဖြင့် ... ယူနီဗာစီတီကျောင်းကြီးမှ သပိတ်ခေါင်းဆောင်များ ဖြစ်ကြတဲ့ ... ဦးနု၊ ဦးအောင်ဆန်း၊ ဦးအေးချို၊ ဦးစိန်ခို၊ မစ္စတာရာရှစ်၊ ဦးထွန်းအုံ စတဲ့ ပုဂ္ဂိုလ်များ စုပေါင်းပါဝင်ပြီး ဗြိတိသျှဘားမား ရုပ်ရှင်က

mgyoe.com

mgyoe.com


ဦးနုကိုယ်တိုင် ဒါရိုက်တာလုပ်တဲ့ 'ဘွိုင်ကော့တား'... အမည်နှင့် ဓာတ်ကားတစ်ကားကို အောင်မြင်စွာ ရိုက်ကူးနိုင်ခဲ့တယ်။ မြန်မာလူမျိုး ရုပ်ရှင်ကြည့်လူထုကြီးကလည်း အားတက်သရော ကြည့်ရှုအားပေးခဲ့ကြတယ်။

မြန်မာအသံထွက်ရုပ်ရှင်ဓာတ်ကားများကို နိုင်ငံခြားတိုင်းပြည်မှာ သွားရောက်သင်ကြားခြင်းမရှိကြဘဲ ဥစ္စာရင်လို ဥစ္စာရင်ခဲ (သင်ဆရာ) မရှိ၊ မြင်ဆရာ၊ ကြားဆရာတို့နဲ့သာ ဖွဲ့နပဲနဲ့ ကြံစည် ကြိုးစားရိုက်ကူးလာခဲ့တာ ယနေ့မျက်မှောက်ခေတ်မှာထိ မျက်မြင်ပဲ ဖြစ်ပါတယ်။ အသံထွက်ဓာတ်လမ်းအများစုမှာလည်း ဆင်ခြင်တုံတရား ထားရှိပြီး သတိသံဝေဂရစေတဲ့ ပညာရေးဓာတ်လမ်းများကို ရိုက်ကူး ပြသနိုင်ခဲ့ပါတယ်။

၁၉၃၀ က ၁၉၄၁ ခုနှစ်အတွင်းမှာ မူလရှိရင်းစွဲ ကုမ္ပဏီများအပြင် ... ရုပ်ရှင်ကုမ္ပဏီသစ် (၂၈) ခု ပေါ်ပေါက်လာပြီး အသံထွက် (၅၂) ကား၊ အသံတိတ် (၃၈၂) ကား၊ သံစုံသွင်း (၇) ကားနဲ့ ကာတွန်းကားတို့ (၂) ကား ... စုစုပေါင်း (၄၄၃)ကား ရိုက်ကူး ပြသနိုင်ခဲ့ပါတယ်။

၁၉၄၀ ခုအတွင်းမှာ မြန်မာရုပ်ရှင်ဓာတ်ကား (၃၂) ကား ရုံတင်ပြသခဲ့ပါတယ်။ ဗြိတိသျှဘားမားရုပ်ရှင်က အသံထွက် (၄) ကား၊ အသံတိတ် (၇) ကား၊ အေဝမ်းဖလင်က အသံထွက် (၂) ကား၊ အသံတိတ် (၃) ကား၊ ပဲရော့ရုပ်ရှင်က အသံတိတ် (၅) ကား၊ ရန်ကုန်ရုပ်ရှင်က အသံတိတ် (၄) ကား၊ ရွှေမြင်းမိုရ်ရုပ်ရှင်က (၃) ကား၊ ရွှေပြည်စိုးရုပ်ရှင်က (၂) ကား၊ သန်းဘရားသားရုပ်ရှင်က (၁)ကားနဲ့ သဟာယဲရုပ်ရှင်က (၁) ကားတို့ဖြစ်ပါတယ်။

၄င်း (၁၀)နှစ်ခရီးအတွင်း ရုပ်ရှင်ပညာသည်များ၏ ဝင်ငွေဟာကန်ထရိုက်နဲ့ ရိုက်ကူးလျှင် ရုပ်ရှင်မင်းသား မင်းသမီးများအတွက် တစ်ကားလျှင် ၅၅၀ ကျပ်မှ ၆၀၀ ကျပ်၊ ဒါရိုက်တာများအတွက် တစ်ကား ၁၂၅ ကျပ်မှ ၄၀၀ ကျပ်၊ လခစားပြုလုပ်လျှင် တစ်လလျှင် မင်းသား

mgyoe.com

mgyoe.com



မင်းသမီးအတွက် ၁၂၅ ကျပ်မှ ၁၅၀ ကျပ်၊ ဒါရိုက်တာအတွက် ၇၅ ကျပ်မှ ၁၀၀ ကျပ်အထိသာ ရရှိခဲ့ကြပါတယ်။

၁၉၄၂ ခုနှစ် ဂျပန်ခေတ်အတွင်းမှာ ရန်ကုန်မြို့ကို ပြန်လည်ရောက်ရှိလာကြတဲ့ ရုပ်ရှင်ပညာသည်တစ်စုတို့က ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးရန် အခြေအနေမပေးတဲ့အတွက် မိမိတို့ဝမ်းရေး ဖြေရှင်းတဲ့ အနေနဲ့ ပညာသည်အချင်းချင်း စုပေါင်းပြီး ဒဂုန်ဆရာတင်၊ ဒါရိုက်တာ ဦးဘဇင်တို့ ခေါင်းဆောင်ကာ ကြည့်မြင်တိုင် ထီးတန်းရပ်ရှိ တရုတ်ကျောင်းကြီးအတွင်း အားကစားကွင်းနေရာမှာ ကျူထရံကာ ဇာတ်ခုံထိုးပြီး (ပြဇာတ်) ဟူသောအမည် (လူ့ဘိုင်စကုတ်) အမည်များနဲ့ ဇာတ်ခုံပေါ်မှာ တကယ်ရောက်သရုပ်ဆောင် ကပြခဲ့ကြရပါတယ်။

အဲဒီနှစ် မေလဆန်းမှာ ရန်ကုန်မြို့အတွင်းက မူလ အိတ်ဆယ်စီယာ ရုပ်ရှင်ရုံကို အေဝမ်းဖလင်ကုမ္ပဏီက (အေဝမ်းရုံ) အမည်နဲ့ လည်းကောင်း၊ ပလာဇာရုံ (ရာဇ်ရုံ၊ ယခု ရဲရင့်) ကို ရန်ကုန်ရုပ်ရှင်ကုမ္ပဏီက (ရန်ကုန်ရုပ်ရှင်ရုံ) အမည်နှင့်လည်းကောင်း၊ ဂျုံတီရုပ်ရှင်ရုံကို ကိုစိန်ဝင်းက (ရန်အောင်စိနိမာရုံ) အမည်နှင့်လည်းကောင်း၊ ပန်းဆိုးတန်းက... အယ်လီဖန်စတုံးရုံ (ဂျမားရုံ)ကို (ခေတ်သစ်ရုံ) အမည်နှင့်လည်းကောင်း၊ ဂေတီရုံကို (မင်္ဂလာမြင့်ရုံ)အမည်နဲ့ လည်းကောင်း၊ မြန်မာအသံတိတ်နဲ့ အသံထွက်ရုပ်ရှင်ဇာတ်ကားများကို ပြကြတယ်။ ရှားဟောက် (အာသောကရုံ) ကိုတော့ ဒါရိုက်တာ ဦးချစ်ဖေ ဦးစီးပြီး ပြဇာတ်နှင့်ရုပ်ရှင်ကားများကိုပါ (ရွှေမြင်းမိုရ်) အမည်နဲ့ပြသခဲ့ကြပါတယ်။

တစ်ချိန်တည်းမှာပဲ ကန်တော်ကြီးတစ်ဝိုက်မှာ (ယခု မြေပဒေသာ ပြတိုက်အဝင်) ဈေးတန်းကြီးဟာ လူနေအိမ်များနဲ့ စည်ကားခဲ့ပါတယ်။ အဲဒီနေရာမှာ ဦးသိမ်းမောင် (ယခင် ပဲရော့ရုပ်ရှင်ကုမ္ပဏီက စာရင်းကိုင် စာရေးကြီး) က ဝါးထရံကာ၊ ဓနိမိုးပြီး (ကန်တော်မိတ်) ရုံအမည်နဲ့ ရုံကြီးတစ်ရုံဆောက်ကာ ပြဇာတ်များ စတင် ကပြခဲ့ပါတယ်။

mgyoe.com

mgyoe.com


ပထမဆုံး ပြဇာတ်ကတော့ ... ဒါရိုက်တာကိုအေးမြင့်ရဲ့ 'သန္ဓေသူ'၊ 'မင်းညီနောင်' ပြဇာတ်ပါ မင်းသားကျော်ဝင်း၊ စိန်ဂျွန်း ထွန်းရွှေတို့ ခေါင်းဆောင်ကြပါတယ်။ ပြဇာတ်များကို တစ်နေ့တစ်ပွဲသာ ကပြနိုင်ပါတယ်။

ရွှေဂုံတိုင်နှင့် လင့်လမ်းထောင့်ရှိ မြေနေရာမှာလည်း ဦးလွင်ဆိုသူက ဝါးထရံကာ ဓနိမိုးရုံကြီးတစ်ခု ဆောက်ပြီး ကိုခင်မောင်ကြီးတို့ ဖွဲ့စည်းတဲ့ နေပြည်တော်ပြဇာတ်အမည်နှင့် 'တစ်ဝါတွင်း'၊ 'အပျိုပါပဲ' စတဲ့ ... ပြဇာတ်များကို ဒဂုန်ဆရာတင် ဒါရိုက်တာလုပ်ပြီး ရုပ်ရှင်မင်းသား ကိုကျော်အေး၊ မေမေဝင်းတို့ ခေါင်းဆောင်ပြီး ရုပ်ရှင်ပညာသည်များ ပါဝင်ကပြခဲ့ကြပါတယ်။

အဲဒီနှစ် ဇူလိုင်လဆန်းမှာ အင်္ဂလိပ်လေယာဉ်ပျံများ မကြာခဏ ရန်ကုန်မြို့အတွင်း ဗုံးများလာရောက်ကြဲတာကြောင့် မြို့တွင်းမှာတွင် ပြသနေကြတဲ့ရုပ်ရှင်ရုံတွေ အားလုံးပိတ်ထားလိုက်ကြရပါတယ်။

အဲဒီနောက်မှာ ဗဟန်းကန်တော်ကြီးအတွင်း ဗိုလ်တင်ကြည်ဆိုသူက ... ဗဟန်း(၁)လမ်းထိပ်မှာ (ကန်တော်မင်္ဂလာရုံ) အမည်နှင့် ရုံဆောက်ပြီး အေဝမ်းဖလင်ကုမ္ပဏီရဲ့ဇာတ်ကားများကို ပြသခဲ့ပါတယ်။

ကန်တော်ကြီး ရေလွှဲပေါက်အနီးရှိ ကျွန်းပေါ်မှာလည်း ရန်ကုန်ရုပ်ရှင်က သွပ်မိုးသွပ်ကာ (ရန်ကုန်ရုပ်ရှင်ရုံ) အမည်နဲ့ တည်ဆောက်ပြီး ရန်ကုန်ရုပ်ရှင်ဇာတ်ကားများကို ပြပါတယ်။

ကန်တော်ကြီး မြင်းစီးကျွန်း (ယခု မြေပဒေသာ အစားအသောက်များ ရောင်းချသောနေရာတွင်) တောင်ညွှန့်ရုပ်က ဦးတင်နဲ့ မိတ်ဆွေတစ်စုတို့က ဝါးထရံကာ၊ ဓနိမိုးရုံတစ်ရုံကို (နေသူရိန်ရုံ) အမည်နဲ့ ရုပ်ရှင်နှင့်ပြဇာတ်များ ပြသခဲ့ပါတယ်။

ကန်တော်ကြီး တိရစ္ဆာန်ရုံအနီးရှိ ကျွန်းနေရာကုန်းမြင့်မှာ ရွှေမြင်းမိုရ်ရုပ်ရှင်တွင် 'ရွှေလူဝံ' ဇာတ်ကားကို ရိုက်ကူးခဲ့တဲ့... မြန်မာ အင်ဂျင်

mgyoe.com

mgyoe.com


နိယာဒါရိုက်တာဦးဘရင်၊ ဒေါ်စိန်မြိုင်တို့က (မြိုင်ရုံ) အမည်နဲ့ ပြဇာတ်များကို ကပြခဲ့ပါတယ်။

ပြည်လမ်း၊ စမ်းချောင်းရပ်၊ ဘောလုံးကွင်းကြီးအနီး မြေနေရာမှာ ဂျပန်စစ်ဘက်ဝါဒဖြန့်ဖြူးရေးဌာနက ရုပ်ရှင်ရုံကြီးတစ်ရုံကို သစ်များနဲ့ အခိုင်အခံ့ဆောက်ပြီး (ဆာကုရ) ဂျပန်အမည်နဲ့ ဂျပန်ရုပ်ရှင် ဇာတ်ကားများကို ပြသခဲ့တယ်။

ရုပ်ရှင်ရုံအားလုံးဟာ တစ်နေ့လျှင် တစ်ကြိမ်ကျ နေ့ တစ်နာရီခွဲက စတင်ပြသကြပြီး ပြဇာတ်တွေကတော့ နေ့နှစ်နာရီအချိန်မှာ စတင်ပြသကြပါတယ်။

၁၉၄၆ ခုနှစ်တွင် ဗြိတိသျှအစိုးရလည်း ပြန်လည်ရောက်ရှိလာပြီး ... ရန်ကုန်မြို့၊ မဂိုလမ်း (ယခု ရွှေဘုံသာလမ်း) ရဲအရာရှိများ ရိပ်သာတွင် ပုလိပ်မင်းကြီးရုံးခန်းဖွင့်ပြီးလျှင် ရုပ်ရှင်စစ်ဆေးရေး ဆင်ဆာအဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။

၁၉၄၅ ခုနှစ် စစ်ပြီးဆုံးပြီး ... အင်္ဂလိပ်အစိုးရလည်း ပြန်ရောက်လာပါတယ်။

ဥက္ကဋ္ဌ ရန်ကုန်ရဲမင်းကြီး မစ္စတာအေစီကာတာ၊ အတွင်းရေးမှူး ဒု ပုလိပ်မင်းကြီး မစ္စတာအက်ဖ်အက်ဖ်ဖို့ဒ်၊ အဖွဲ့ဝင်လူကြီးများ အဖြစ် ဦးကျော်ငြိမ်း၊ ဦးတင့်ဆွေ၊ ဦးညွန့် (ဗြိတိသျှဘားမား)၊ ဦးဘကန် (ရှေ့နေ)၊ ဦးလှသိန်း (ဝတ်လုံတော်ရ)၊ ဦးအုန်းမောင် (လန်ဒန်အတ်)၊ ဒေါ်မမ၊ ဒဂုန်ခင်ခင်လေး၊ မစ္စတာ အမ်ဘက်ဖ်ဒဗယ်(လ်)ယူ တင်ကန် (ပြည်သူ့ ဆက်ဆံရေးဌာန၊ လက်ထောက်ဒါရိုက်တာ)နဲ့ အင်္ဂလိပ်စစ်ဘက်မှ ကိုယ်စားလှယ်တစ်ဦးတို့ ဖြစ်ပါတယ်။

၁၉၄၆ ခုနှစ်မှာ ရန်ကုန်မြို့လယ်က ရုပ်ရှင်ရုံများကို အင်္ဂလိပ် စစ်တပ်မှ သိမ်းယူပြီး အင်္ဂလိပ်နဲ့ ကုလားကားများကို ပြသပါတယ်။ အဲဒီရုံများမှာ မြန်မာဇာတ်ကားများ ပြခွင့်မရကြတဲ့အတွက် ကန်တော်

mgyoe.com

mgyoe.com


ကြီးအတွင်းရှိ ကန်တော်မိတ်၊ ကန်တော်မင်္ဂလာ၊ ရန်ကုန်ရုပ်ရှင်၊ နေသူရိန်ရုံများမှာပဲ ဆက်လက်ပြသလာခဲ့ရပါတယ်။ ရန်ကုန်မြို့၊ လမ်းမတော်ရပ်ရှိ ကျုံးကြီးလမ်းမှာ ပြဇာတ်များ ပြသနေသော (ကာဒွေး)ရုံတွင် စက်တင်ဘာလ (၆) ရက်နေ့မှစ၍ အေဝမ်းဖလင်ရဲ့ 'ခေတ်သစ် ဖာတစ်လုံး' ဇာတ်ကားကို စတင်ပြသနိုင်ခဲ့ပါတယ်။

၁၉၄၆ ခုနှစ်၊ မတ်လ (၈) ရက်နေ့မှာ ဗဟန်းမြိုင်ရုံအနီး၊ မြိုင်ရိပ်သာမှာ ရုပ်ရှင်နဲ့ ပြဇာတ်ကုမ္ပဏီပိုင်ရှင်များနဲ့ ပညာရှင်များ စုပေါင်းပြီး (မြန်မာနိုင်ငံတော်ရုပ်ရှင်နဲ့ပြဇာတ်အစည်းအရုံးကြီး)ကို တည်ထောင်ဖွဲ့စည်းလိုက်နိုင်ခဲ့ပါတယ်။

ပထမအမှုဆောင် (၉)ဦးကို မဲစနစ်ဖြင့် ရွေးချယ်ရာမှာ ... ဥက္ကဋ္ဌဦးတင်နွယ်၊ အတွင်းရေးမှူး ဦးစိုးမောင်၊ အမှုဆောင်များအဖြစ်... ဆရာခန့်၊ ဦးဘဇင်၊ ဦးတင်မောင်၊ ဦးလွန်းဖေ၊ ဦးမောင်ကြီး၊ ဦးအောင်မြတ် ဦးမောင်မောင် (လန်ဒန်အတ်)တို့ အရွေးခံကြရတယ်။

၁၉၄၆ ခုနှစ်မှာ ရုပ်ရှင်ကုမ္ပဏီအသစ်များ ပေါ်ထွက်လာတယ်။ နယူးဘားမားဖလင်၊ ဆွေဗမာဖလင်နဲ့ လျှပ်စစ်ရုပ်ရှင် ကော်ပိုရေးရှင်းအမည်များနဲ့၊ နယူးဘားမားဖလင်က 'ခေတ်သစ် ဖာတစ်လုံး' အသံတိတ်ရုပ်ရှင်ဇာတ်ကားအပါအဝင် ဇာတ်ကားပေါင်း (၅) ကား ... ရိုက်ကူးပြသနိုင်ခဲ့ပါတယ်။

၁၉၄၇ ခုနှစ်တွင် ရုပ်ရှင်ကုမ္ပဏီပေါင်း (၂၀) တို့က အသံတိတ်ဇာတ်ကားပေါင်း (၄၈) ကား ရိုက်ကူးပြသနိုင်ခဲ့တယ်။

၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်နေ့မှာ မြန်မာပိုင် ဗြိတိသျှဘားမားကုမ္ပဏီရဲ့ (သွင်) ရုံကို ရွှေမြင့်မိုရ်ရုပ်ရှင်က 'ဗမာ့သွေး' ဇာတ်ကားနဲ့ စတင်ဖွင့်လှစ်ပြသနိုင်ခဲ့ပါတယ်။

၁၉၄၇ ခုနှစ် ရုပ်ရှင်စစ်ဆေးရေး ဆင်ဆာအဖွဲ့ကို ... အသစ်ထပ်မံဖွဲ့စည်းခဲ့ပြီး ... ဥက္ကဋ္ဌအဖြစ် ရဲမင်းကြီးဦးအောင်ချိန်၊ အတွင်းရေးမှူး

mgyoe.com

mgyoe.com


.... ဒုရဲမင်းကြီး ဦးဘအေး၊ အဖွဲ့ဝင်များအဖြစ် ... ဦးကျော်ငြိမ်း၊ ဦးတင့်ဆွေ၊ ဦးညွန့်၊ ဦးဘကန်၊ ဦးလှသိန်း၊ ဦးအုန်းမောင်၊ ဒေါ်မမ၊ ဒဂုန်ခင်ခင်လေး၊ မစ္စတာအမ်ဘက်ဖ်ဒဗယ်(လ်)ယူတင်တန် (ပြည်သူ့ဆက်ဆံရေးဌာန)၊ အင်္ဂလိပ်စစ်ဘက်က အရာရှိတစ်ဦးတို့ ပါဝင်ပါတယ်။

မေလမှာတော့ ဦးကျော်ငြိမ်း၊ ဦးတင့်ဆွေတို့ နုတ်ထွက်သွားကြလို့ ၎င်းတို့အစား ဦးလှအောင်နဲ့ ဒေါ်မြစိန်တို့ကိုလည်းကောင်း၊ ဇူလိုင်လမှာ မစ္စတာဘက်တန် နုတ်ထွက်သွားလို့ စာရေးဆရာ ဦးညာဏအား ညွှန်ကြားရေးဝန်၊ ပြည်သူ့ဆက်ဆံရေးဌာနတွင် ခန့်အပ်လိုသောကြောင့် ဆင်ဆာလူကြီးဖြစ်လာခဲ့တယ်။

၁၉၄၈ ခုနှစ်မှာ မြန်မာရုပ်ရှင်ထုတ်လုပ်သူပေါင်း (၂၅) ဦးတို့က အသံတိတ်ကား (၅၄) ကား၊ အသံထွက် (၃) ကားနဲ့ ၁၀ မီလီမီတာ ဆေးရောင်စုံတစ်ကား၊ စုစုပေါင်း (၅၈) ကား ရိုက်ကူးပြသနိုင်ခဲ့တယ်။ ထုတ်လုပ်သူကုမ္ပဏီ (၂၅) ခုအနက် အသစ် (၁၃) ဦး ပါဝင်လာပါတယ်။

၎င်းနှစ်အတွက် ရုပ်ရှင်စစ်ဆေးရေးဆင်ဆာအဖွဲ့အနေနဲ့ .... ဥက္ကဋ္ဌ ရန်ကုန်ရဲမင်းကြီး၊ အတွင်းရေးမှူး ဒုရဲမင်းကြီး၊ အဖွဲ့ဝင်များအဖြစ် ဦးညွန့်၊ ဦးဘကန်၊ ဦးလှသိန်း၊ ဦးလှအောင်၊ ဦးအုန်းမောင်၊ ဒေါ်ဩစိန်၊ ဒေါ်မမ၊ ဒဂုန်ခင်ခင်လေး၊ ဦးညာဏနှင့် အင်္ဂလိပ် စစ်ဘက်ဌာနမှ ကိုယ်စားလှယ်တစ်ဦးတို့ ပါဝင်ခဲ့ပါတယ်။

၁၉၄၉ ခုနှစ်မှာတော့... မြန်မာရုပ်ရှင်ကုမ္ပဏီ (၂၁) ခုတို့က ရုပ်ရှင်ဇာတ်ကားပေါင်း ... အသံတိတ် (၃၈) ကား၊ ၁၆ မီလီမီတာ ဆေးရောင်စုံ တစ်ကား၊ အသံထွက် (၅) ကား ထုတ်လုပ် ပြသနိုင်ခဲ့ပါတယ်။ ၎င်းကုမ္ပဏီ (၂၁)ခုမှာ ကုမ္ပဏီအသစ် (၉) ခု ပေါ်ထွက်ခဲ့ပါတယ်။

အဲဒီနှစ် ရုပ်ရှင်စစ်ဆေးရေးဆင်ဆာအဖွဲ့ဝင်များအဖြစ်... ဥက္ကဋ္ဌ ရန်ကုန်ရဲမင်းကြီး၊ အတွင်းရေးမှူး ဒုရဲမင်းကြီးနဲ့ ဦးညာဏ (ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန်)၊ ဦးသိန်းမောင် (သတင်းစာဆရာ)၊

mgyoe.com

mgyoe.com


ဦးဘရှိန် (မဟာဆွေ စာရေးဆရာ)၊ ဦးဘတင် (ရွှေပြည်တော်)၊ ဦးညီပု (အေဝမ်းဖလင်)၊ ဦးသာလှ (ပညာမင်းကြီး)၊ ဦးဘဦး (ဝတ်လုံတော်ရ)၊ ဒေါ်ခင်သက်တင်(အမျိုးသမီးအသင်း)၊ ဒေါ်ခင်မျိုးချစ် (အမျိုးသမီး သတင်းစာဆရာ)နဲ့ အင်္ဂလိပ်စစ်ဘက်ဌာနမှ ကိုယ်စားလှယ်တစ်ဦး ဖြစ်ပါတယ်။

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့တွင် ကရင်လက်နက်ကိုင် သောင်းကျန်းမှုကြောင့် အင်းစိန်အရေးအခင်း ပေါ်ပေါက်လာပါတယ်။

အဲဒီအရေးအခင်းမှာ ... မြန်မာနိုင်ငံတော် ရုပ်ရှင်ပြဇာတ်အစည်းအရုံးကြီးက (၁)တပ်သဘင်အဖွဲ့ (၂) ရုပ်ရှင်ပြအဖွဲ့ (၃) အသံလွှင့်အဖွဲ့ ရုပ်ရှင်ပညာသည်ပေါင်းစုံနဲ့ စုပေါင်းဖွဲ့စည်းလိုက်ပြီး အစိုးရတပ်ပေါင်းစုံကို အင်တိုက်အားတိုက် သွားရောက်ကူညီ ဆောင်ရွက်ပေးခဲ့ကြပါတယ်။

၁၉၄၈ ခုနှစ်မှာပဲ မြန်မာနိုင်ငံတော်အစိုးရက စေလွှတ်တဲ့နိုင်ငံခြားသို့ ရုပ်ရှင်ပညာသင်အတွက် အစည်းအရုံးကြီးမှ ကြိုးပမ်းချက်အရ ကိုမြင့်စိုးအား အမေရိကန်နိုင်ငံတွင် ရုပ်ရှင်ပညာသည်များ သင်ကြားရန် ရွေးချယ်စေလွှတ်ခြင်းခံရခဲ့ပါတယ်။

၁၉၅၀ ခုနှစ်မှာ မြန်မာရုပ်ရှင်ကုမ္ပဏီ ၂ ခု၊ ၃ ခုမှ အသံတိတ် (၄၀) နဲ့ အသံထွက် (၇) ကား ... ကားပေါင်း ၄၇ ကားကို ရိုက်ကူးပြသနိုင်ခဲ့ပါတယ်။

၁၉၅၁ ခုနှစ်မှာ မြန်မာရုပ်ရှင်ကုမ္ပဏီ ၂၀ ဦးတို့က အသံတိတ် (၄၄) ကား (၁၆ မမ ၂ ကား)၊ သံစုံသွင်း ၃ ကား၊ အသံထွက် ၆ ကား၊ စုစုပေါင်း (၅၃) ကား ရိုက်ကူးပြသနိုင်ခဲ့ပါတယ်။ ကုမ္ပဏီ ၂၆ ခု၊ ကုမ္ပဏီသစ် ၆ ခုပေါ်လာပါတယ်။ အဲဒီ ၅၃ ကားမှာ စုန်း၊ ကဝေ၊ သိုက်သမိုင်းကား ၃၂ ကား ပါဝင်နေပါတယ်။

mgyoe.com

mgyoe.com


၁၉၅၁ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့မှာ အမေရိကန်အစိုးရ C.A စီမံကိန်းက မြန်မာနိုင်ငံအစိုးရကို ကူညီပံ့ပိုးမှုအဖြစ် ... ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်မှာ ရုပ်ပြဗဟုသုတ ပြန့်ပွားရေးအဖွဲ့ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။

အဲဒီအဖွဲ့ကို ရုပ်ရှင်လုပ်ငန်းနဲ့ ပတ်သက်သော စက်ပစ္စည်း ကိရိယာပစ္စည်းများအတွက် သိန်း (၄၀) နဲ့ ငွေရင်း (၁၂) သိန်း အကူအညီပေးခဲ့ပါတယ်။ အဲဒီအဖွဲ့က 'တို့ပြည်ထောင်စု' အပါအဝင် မော်ကွန်းတင်ကားများ ရိုက်ကူးခဲ့ပါတယ်။ ထို့နောက် ... နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ချုပ်က ငွေ(၃)သိန်း အကုန်အကျခံပြီး ဆဋ္ဌသင်္ဂါယနာတင် မှတ်တမ်းသတင်းကားကို ဆေးရောင်စုံနဲ့ ရိုက်ကူးခဲ့ပါတယ်။

၁၉၅၂ ခုနှစ်မှာ ... မြန်မာရုပ်ရှင်ကုမ္ပဏီ (၂၁) ခုက အသံတိတ် (၂၈) ကား၊ သံစုံသွင်း (၄) ကား၊ အသံထွက်(၁၀).... စုစုပေါင်း (၄၂) ကား ရိုက်ကူးပြသနိုင်ခဲ့တယ်။ ကုမ္ပဏီအသစ်(၂)ခု ပေါ်လာခဲ့ပါတယ်။

၁၉၅၂ ခုနှစ်မှာ မြန်မာ့ရုပ်ရှင်အနုပညာနဲ့ စက်မှုပညာများ တိုးတက်လာစေရန် ရည်သန်ပြီး မြန်မာနိုင်ငံတော်အစိုးရက ပြန်ကြားရေးဝန်ကြီးဌာန 'မြန်မာရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့' ကို ဖွဲ့စည်းပေးပြီး တစ်နှစ်အတွင်း ပြသခဲ့တဲ့ မြန်မာ့ရုပ်ရှင် ဇာတ်ကားများကို ကြည့်ရှုခဲ့ပါတယ်။

အဲဒီနှစ်က (၁) အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု၊ (၂) အကောင်းဆုံး အမျိုးသားပညာသည်ဆုနဲ့ (၃) အကောင်းဆုံး အမျိုးသမီးပညာသည်ဆု ... သုံးမျိုးကို စတင်ဆုပေးခဲ့ပါတယ်။

mgyoe.com

mgyoe.com


## ဆုရရှိသော ဇာတ်ကားများမှာ အကောင်းဆုံးဇာတ်ကားအဖြစ်

ပထမ – ချစ်သက်ဝေ (အေဝမ်း)
ဒုတိယ – မယားနဲ့လူပျို (အောင်ဇေယျ)
တတိယ – ချစ်၍ခေါ်ရာ (ဗြိတိသျှဘားမား) တို့ ရရှိခဲ့ပါတယ်။

အကောင်းဆုံး အမျိုးသားရုပ်ရှင်ပညာသည်ဆု အဖြစ် ကိုကျော်ဝင်း (မာလာရီဇာတ်ကား)

အကောင်းဆုံး အမျိုးသမီး ရုပ်ရှင်ပညာသည်ဆု ကြည်ကြည်ဌေး (ချစ်သက်ဝေ)တို့ကို ထူးချွန်ဆုများ ချီးမြှင့်နိုင်ခဲ့ပါတယ်။

၁၉၅၃ ခုနှစ်မှာ မြန်မာ့ရုပ်ရှင်ကုမ္ပဏီ (၃၃)ခုတို့က ရုပ်ရှင်ဇာတ်ကားပေါင်း(၄၀) ရိုက်ကူးပြသနိုင်ခဲ့ပါတယ်။ အသံတိတ်(၃၂)ကား၊ (၎င်းတွင် ၁၆ မမတစ်ကား)၊ သံစုံသွင်း(၅)ကားနဲ့ အသံထွက် (၁၁)ကား (၎င်းတွင် ၁၆ မမ ၂ ကား ပါဝင်ပါသည်) တို့ဖြစ်တယ်။

၁၉၅၃ ခုနှစ်တွင် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကား ပထမ 'ရတနာပုံ'(အေဝမ်း)၊ ဒုတိယ 'သည်ဆောင်းဟေမာန်'(ဗြိတိသျှဘားမား)၊ တတိယ 'မြဟေဝန်'(အေဝမ်း၊ အကောင်းဆုံး အမျိုးသမီး ရုပ်ရှင်ပညာသည် မေမြင့် (ပွဲခါညောင်ရေဇာတ်ကား) တို့ ထူးချွန်ဆုများ ဆွတ်ခူးရရှိကြပါတယ်။

၁၉၅၄ ခုနှစ် မြန်မာ့ရုပ်ရှင်ကုမ္ပဏီ (၄၅) ခုတို့က ရုပ်ရှင်ဇာတ်ကား (၇၂) ကား ရိုက်ကူးပြသခဲ့ပါတယ်။ အသံတိတ် ၅၆ ကား၊ အသံထွက် (၁၃) ကား၊ သံစုံသွင်း (၃) ကားတို့ဖြစ်ပါတယ်။ ထိုနှစ်တွင် ကုမ္ပဏီသစ် (၁၇) ကုမ္ပဏီပေါ်ထွက်လာခဲ့ပါတယ်။

၁၉၅၄ ခုနှစ်အတွက် မြန်မာရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့က အကောင်းဆုံး ဇာတ်ကား ပထမအတွက် ရွေးချယ်ခြင်း

mgyoe.com

mgyoe.com


မပြုဘဲ ဒုတိယ ... 'ဩော်မိန်းမ'(ဗြိတိသျှဘားမား)၊ တတိယ 'အကျော်အမော်'(အေဝမ်း)၊ အကောင်းဆုံးဒါရိုက်တာအတွက် ဦးသုခ (ဩော်မိန်းမ ဇာတ်ကား)၊ အကောင်းဆုံး အမျိုးသားပညာသည် ... မရှိ၊ အမျိုးသမီးအတွက် 'အမေပု' (မေမေဇာတ်ကား) တို့ကို ထူးချွန်ဆု ပေးခဲ့ပါတယ်။

၁၉၅၅ ခုနှစ်မှာ မြန်မာရုပ်ရှင်ကုမ္ပဏီ (၄၂)ဦးတို့က ရုပ်ရှင်ဇာတ်ကားပေါင်း (၆၁)ကား ရိုက်ကူးပြသခဲ့ပါတယ်။ အသံတိတ် (၃၉)ကား၊ အသံထွက် (၁၉)ကား၊ သံစုံသွင်း (၃)ကားတို့ဖြစ်ပါတယ်။ ၎င်းနှစ်တွင် ကုမ္ပဏီအသစ် (၉)ခု ပေါ်ပေါက်လာခဲ့ပါတယ်။

၁၉၅၅ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ဇာတ်ကား ... 'ဖိုးပြုံးချို'(ရွှေဝယ်သီရိရုပ်ရှင်)၊ အကောင်းဆုံးဒါရိုက်တာ ဦးချင်းစိန် (ကိုယ့်ရင်သွေးဇာတ်ကား)၊ အကောင်းဆုံး အမျိုးသားပညာသည်... 'ဖိုးပါကြီး' (ဖိုးပြုံးချိုဇာတ်ကား)၊ အကောင်းဆုံးအမျိုးသမီး ပညာသည်... မေလွင် (ချစ်မမ ဇာတ်ကား)၊ အထူးဆုအဖြစ် ကလေးပညာသည် 'ဝင်းမာ' (ဖိုးပြုံးချိုဇာတ်ကား) တို့ ဆွတ်ခူးရရှိကြပါတယ်။

၁၉၅၅ ခုနှစ်မှာပဲ အထက်မြန်မာပြည် မန္တလေးမြို့ရှိ ရုပ်ရှင်ဝါသနာရှင် ပုဂ္ဂိုလ်တစ်ခုတို့က သိန်း (၂၀) မတည်ပြီး 'မန္တလေး ရုပ်ရှင်ကုမ္ပဏီလီမိတက်' ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံမှာ ၁၉၅၅ အထိ ကမ္ဘာ့စံချိန်မီ အကောင်းဆုံးလို့ ဆိုနိုင်တဲ့ ဓာတ်ပုံကင်မရာ 'မစ်ချယ် သုံးလုံး .... (၁) အစိုးရရုပ်ရှင်မြှင့်တင်ရေးအဖွဲ့ (၂) ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီလီမိတက်နဲ့ (၃) မြဇော်ဖလင်ကုမ္ပဏီတို့မှာသာ ရှိကြပါတယ်။ ဂျပန်ပြည်လုပ် 'ဆေးကီး' ဓာတ်ပုံကင်မရာသုံးလုံးက (၁) အစိုးရရုပ်ရှင်မြှင့်တင်ရေး ဘုတ်အဖွဲ့ (၂) အမျိုးသား တိုးတက်ရေးရုပ်ရှင်ကုမ္ပဏီလီမိတက် (၃) သုမဓမ္မစာရီကုမ္ပဏီတို့မှာသာ ရှိပါတယ်။ အနောက်ဂျာမနီပြည်က ထုတ်လုပ်တဲ့....

mgyoe.com

mgyoe.com


'အာရီ' (ARRI) ဓာတ်ပုံကင်မရာသာမက ဖလင်ကူးစက်၊ ဖလင်ဆေးစက်၊ ဖလင်တည်းဖြတ်စက်အပြင် မီးလုံးများကိုပါ မန္တလေးရုပ်ရှင် တစ်ဦးတည်းကသာ ဝယ်ယူအသုံးပြုနိုင်ခဲ့ပါတယ်။ ထိုစဉ်က မြန်မာပြည်တွင် အသုံးပြုနေကြသော အသံဖမ်းစက် 'ကယ်လီ'၊ 'ကယ်လဗင်ဟယူး'၊ 'ကင်နီပေါက်' နဲ့ 'မဂ္ဂနာဆင့်'တို့ပဲဖြစ်ကြပါတယ်။

စီနီမာစကုတ် (ခေါ်) မြင်ကွင်းကျယ်ရိုက်ကူးနိုင်တဲ့ မှန်ဘီလူးမျိုးမှာ အစိုးရရုပ်ရှင်မြှင့်တင်ရေး၊ မန္တလေးရုပ်ရှင်၊ မြဇော်ဖလင်ကုမ္ပဏီ ဗြိတိသျှဘားမားရုပ်ရှင်နဲ့ ပန်းသာဖလင်ကုမ္ပဏီတို့မှာပဲ ရှိပါတယ်။

၁၉၅၆ ခုနှစ်တွင် မြန်မာရုပ်ရှင်ကုမ္ပဏီ (၃၈) ဦးတို့က ရုပ်ရှင်ဇာတ်ကားပေါင်း (၄၅)ကား ရိုက်ကူးပြသနိုင်ခဲ့ပါတယ်။ ၎င်းတို့မှာ... အသံတိတ် (၁၀)ကား၊ အသံထွက် (၃၂)ကား၊ သံစုံ သွင်း (၃)ကား တို့ဖြစ်ပြီး ၎င်းနှစ်အတွင်း ရုပ်ရှင်ကုမ္ပဏီအသစ် (၁၇)ခု ပေါ်ထွန်းလာခဲ့ပါတယ်။

၁၉၅၆ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကို 'ဘဝသံသရာ' (မန္တလေးရုပ်ရှင်)၊ အကောင်းဆုံး ဒါရိုက်တာ ဦးသုခ (ဘဝသံသရာ)၊ အကောင်းဆုံးအမျိုးသားပညာသည်ကိုဇေယျ (ဘဝသံသရာ)၊ အကောင်းဆုံးအမျိုးသမီး ပညာသည်ဆုအဖြစ်... ကြည်ကြည်ဌေး (ချစ်ခွင့်မပိုင်)၊ အကောင်းဆုံး ဓာတ်ပုံဆရာ ဦးချစ်ဖွယ်နဲ့ ဦးချစ် (ယမ်းငွေ့ဝေဝေ)တို့ ရရှိကြပါတယ်။

အီစီအေအဖွဲ့ရဲ့ အကူအညီနဲ့ ဖွင့်လှစ်လုပ်ကိုင်လာခဲ့တဲ့ 'ရုပ်ပြဗဟုသုတပြန့်ပွားရေးအဖွဲ့' ကို 'နိုင်ငံတော်အစိုးရ ရုပ်ရှင် မြှင့်တင်ရေးအဖွဲ့' လို့ ၁၉၅၁ ခုနှစ်မှစပြီး ပြောင်းလဲခေါ်တွင်စေခဲ့ပါတယ်။ ရုပ်ရှင်ရိုက်ကူးရန် စတူဒီယို၊ ကားကူး၊ ကားဆေး၊ ကားဆက် ပစ္စည်းများကို ကာလတန်ဖိုး (၂၅)သိန်းနဲ့ ငွေလုံးငွေရင်းပေါင်း ၉၀၉၉၉၄ ကျပ်၊ ၅၀ ပြားကို ဘုတ်အဖွဲ့က လက်ခံပြီး ဆက်လက် လုပ်ကိုင်ခဲ့တယ်။

mgyoe.com

mgyoe.com


၁၉၅၇ ခုနှစ် အကောင်းဆုံးဇာတ်ကား 'ဒေါက်တာအောင်ကျော်ဦး' (ဗြိတိသျှဘားမား)၊ အကောင်းဆုံးဒါရိုက်တာ ရွှေဒုံးဘီအောင် (ဒေါက်တာအောင်ကျော်ဦး)၊ အကောင်းဆုံးအမျိုးသားပညာသည်ဆု ကိုထွန်းဝေ (ဗိုလ်မြဒင်)၊ အကောင်းဆုံးအမျိုးသမီး ပညာသည် မြင့်မြင့်ခင် (ချစ်ညီမ)၊ အကောင်းဆုံးဓာတ်ပုံဆရာ ကိုထွန်းလှိုင် (မြတ်ပန်းဝတ်ရည်)တို့ ထူးချွန်ဆုများ ရရှိခဲ့ကြပါတယ်။

၁၉၅၈ ခုနှစ်မှာ မြန်မာ့ရုပ်ရှင်လုပ်ငန်း တိုးတက်မှုတစ်ရပ်အနေဖြင့် စီနီမာစကုတ် (ခေါ်) မြင်ကွင်းကျယ်ရုပ်ရှင်ဇာတ်ကားများ စတင်ရိုက်ကူးပြသနိုင်ခဲ့တာပါပဲ။ ၎င်းနှစ်မှာ မြန်မာ့ရုပ်ရှင်ကုမ္ပဏီပေါင်း (၄၂)ခုတို့က ရုပ်ရှင်ဇာတ်ကားပေါင်း (၄၈)ကား ရိုက်ကူး ပြသခဲ့ပြီး အသံထွက်ကား (၄၇)ကားမှာ မြင်ကွင်းကျယ် (၃)ကား၊ ဆေးရောင်စုံ (၁)ကားနဲ့ သံစုံသွင်း (၁)ကားတို့ဖြစ်ပါတယ်။ ၎င်းနှင့် ရုပ်ရှင်ကုမ္ပဏီ (၄၂)ဦးတွင် ကုမ္ပဏီအသစ် (၁၃)ဦး ပေါ်ထွန်းလာ ခဲ့ပါတယ်။

၁၉၅၈ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို 'စွဲတဲ့မေတ္တာ' (မြဇော်ရုပ်ရှင်) က ရရှိပြီး၊ အကောင်းဆုံးဒါရိုက်တာ ဦးချစ်ခင် (ဖြေလျော့ခွေ)၊ အကောင်းဆုံးအမျိုးသားပညာသည် ဦးကျော်သောင်း (ဖြေလျော့ခွေ)၊ အကောင်းဆုံးအမျိုးသမီးပညာသည် မြင့်မြင့်ခင် (ဖြေလျော့ခွေ)၊ အကောင်းဆုံးဓာတ်ပုံဆရာ ဦးထွန်းမြင့် (စွဲတဲ့မေတ္တာ) တို့ အသီးသီးရရှိခဲ့ကြပါတယ်။

၁၉၅၉ ခုနှစ်မှာ မြန်မာ့ရုပ်ရှင်ကုမ္ပဏီပေါင်း (၃၅) ခုတို့က ရုပ်ရှင်ဇာတ်ကားအသံထွက် (၄၉)ကားနဲ့ သံစုံ (၁)ကား၊ ပေါင်း ... ဇာတ်ကား (၅၀) ရိုက်ကူးတင်ပြနိုင်ခဲ့တယ်။ ၎င်းတို့တွင် မြင်ကွင်းကျယ် (အဖြူအမည်း) (၁)ကားနဲ့ ဆေးရောင်စုံ (၁)ကား ပါရှိပါတယ်။ ၎င်းနှစ်အတွင်း ရုပ်ရှင်ကုမ္ပဏီ (၃၅) ဦးတွင် ကုမ္ပဏီအသစ် (၁၂)ဦး ပေါ်ထွန်းလာခဲ့ပါတယ်။

mgyoe.com

mgyoe.com


၁၉၅၉ ခုနှစ် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကို 'ချစ်တော့ချစ်တယ်' (စန်းသော်တာရုပ်ရှင်) က ရရှိပြီး၊ အကောင်းဆုံး ဒါရိုက်တာ ဦးသာဓု (ကကြီးရေးက ဇာတ်ကား)၊ အကောင်းဆုံးအမျိုးသား ပညာသည် ကိုထွန်းဝေ (ကကြီးရေးက)၊ အကောင်းဆုံး အမျိုးသမီးပညာသည် မမြတ်မွန် (ကကြီးရေးက)၊ အကောင်းဆုံး ဇာတ်ရံပညာသည် ဒေါ်ခင်ညွန့် (ကကြီးရေးက)၊ အကောင်းဆုံးဓာတ်ပုံဆရာ ဦးဘကြည် (ဗိုလ်အောင်နိုင်) တို့ အသီးသီး ရရှိခဲ့ကြပါတယ်။

၁၉၆၀ ခုနှစ်တွင် မြန်မာ့ရုပ်ရှင်ကုမ္ပဏီပေါင်း (၅၇)ခုတို့က ရုပ်ရှင်အသံထွက်ဇာတ်ကားပေါင်း (၇၃) ကားကို ရိုက်ကူးပြသခဲ့ပါတယ်။ မြင်ကွင်းကျယ် (၅)ကားနဲ့ ဆေးရောင်စုံ (၁)ကား ပါဝင်ပါတယ်။ ၎င်းနှစ်တွင် ကုမ္ပဏီသစ် (၂၈)ခု ပေါ်ပေါက်လာခဲ့တယ်။

၁၉၆၀ ခုနှစ် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားအတွက် 'ရေမြေဆုံးတိုင်' (မန္တလေးရုပ်ရှင်)၊ အကောင်းဆုံးဒါရိုက်တာ ဦးသာဓု (အငိုလွယ်သည်)၊ အကောင်းဆုံးအမျိုးသားပညာသည် ဦးသင်း (ချစ်သွေးသစ္စာ၊ ရေမြေဆုံးတိုင်၊ စိုးပါနဲ့မေ)၊ အကောင်းဆုံးအမျိုးသမီး ပညာသည် မေသစ် (မေတ္တာရွှေရည်)၊ အကောင်းဆုံးဓာတ်ပုံဆရာ ဦးတင်ယု (မေတ္တာရွှေရည်) တို့ အသီးသီး ရရှိခဲ့ကြပါတယ်။

၎င်းနှစ်မှာ ... ရန်ကုန်မြို့ ရုပ်ရှင်ဝါသနာအိုးများအသင်းမှ ကြီးမှူးပြီး အကောင်းဆုံး မြန်မာ့ရုပ်ရှင်များအတွက် သတင်းစာများမှ တစ်ဆင့် ပြည်သူ့ဆန္ဒယူကာ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားအတွက် မဲအများဆုံးအဖြစ်... 'ချစ်သွေးသစ္စာ' ဇာတ်ကား၊ အကောင်းဆုံး အမျိုးသားရုပ်ရှင်မင်းသားအတွက် မဲအများဆုံး မောင်သင်၊ အကောင်းဆုံး အမျိုးသမီး ရုပ်ရှင်မင်းသမီးအတွက် မေသစ်တို့ရရှိကြပြီး ရန်ကုန်မြို့တော်ခန်းမကြီးမှာ ဆုများချီးမြှင့်ခဲ့ပါတယ်။

၁၉၆၁ ခုနှစ်တွင် မြန်မာရုပ်ရှင်ကုမ္ပဏီပေါင်း (၆၄)ခုတို့က

mgyoe.com

mgyoe.com


ရုပ်ရှင်အသံထွက်ကားပေါင်း (၈၀) ရိုက်ကူးပြသခဲ့ပါတယ်။ မြင်ကွင်းကျယ်ဇာတ်ကား (၈) ကား ပါဝင်ခဲ့ပါတယ်။ ရုပ်ရှင်ထုတ်လုပ်သူ အသစ် (၃၀)ဦးလည်း ပေါ်ပေါက်လာတယ်။

၁၉၆၁ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားကို 'ကိုယ်ပိုင် မေတ္တာ' (မန္တလေးရုပ်ရှင်)၊ အကောင်းဆုံးဒါရိုက်တာ ဦးဝင်းဖေ (တက္ကသိုလ်ဝင်းဖေ) (ပြည်တန်တဲ့ ကျည်ဆန်)၊ အကောင်းဆုံး အမျိုးသား ပညာသည် မြတ်လေး (အမုန်း၏နောက်ဝယ်)၊ အကောင်းဆုံး အမျိုးသမီးပညာသည် ခင်ယုမေ (ကိုယ်ပိုင်မေတ္တာ)၊ အကောင်းဆုံး ဓာတ်ပုံဆရာ ဦးမောင်ကလေးနဲ့ ကိုပေါ (ကိုယ်ပိုင်မေတ္တာ) တို့ အသီးသီး ရရှိခဲ့ကြပါတယ်။

၁၉၆၂ ခုနှစ်တွင် မြန်မာရုပ်ရှင်ကုမ္ပဏီပေါင်း (၇၅)ခုတို့က အသံထွက်ဇာတ်ကားပေါင်း (၉၃) ကား ရိုက်ကူးခဲ့ပါတယ်။ ရုပ်ရှင်စစ်ဆေးရေးအဖွဲ့မှ ဇာတ်ကားနှစ်ကားကို ပြသခွင့်မပြုတာက တစ်ကြောင်း၊ အနမ်းပင်ကော်ပြားမှ ရိုက်ကူးသော 'ဗါတ်ဗလုံမမ' ဇာတ်ကားမှာ ဆင်ဆာခွင့်ပြုသော်လည်း ရန်ကုန်မြို့မှာ မပြဘဲ နယ်များမှာသာ ပြသော ကြောင့် ရန်ကုန်မြို့လည်မှာ ဇာတ်ကား (၉၀) သာ ရုံတင်ပြသနိုင်ခဲ့ပါတယ်။ မြင်ကွင်းကျယ် (၅) ကား၊ ဆေးရောင်စုံ တစ်ကား ပါဝင်ပါတယ်။ ၎င်းနှစ်တွင် ရုပ်ရှင်ကုမ္ပဏီပေါင်း (၇၅) ခုအနက် ထုတ်လုပ်သူအသစ် (၃၁)ခုပေါ်ထွန်းလာခဲ့ပါတယ်။

၁၉၆၂ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကား၊ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာ၊ အကောင်းဆုံး အမျိုးသားပညာသည် ဓာတ်ပုံပညာရှင်များကို ရွေးချယ်ခြင်းမရှိဘဲ အကောင်းဆုံးအမျိုးသမီး ရုပ်ရှင်ပညာသည်အဖြစ် သီသီ (အတွေ့)၊ အကောင်းဆုံး အမျိုးသား ဇာတ်ရံ ဦးအောင်ကြီး (ဦးကျောက်လုံး–အတွေ့)နဲ့ အကောင်းဆုံး အမျိုးသမီးဇာတ်ရံ မေနွဲ့ (ရွှေရင်သိမ်းသစ်ဇာတ်ကား) တို့ ရကြပါတယ်။

mgyoe.com

mgyoe.com


အကောင်းဆုံးဓာတ်ပုံဆရာလည်း ရွေးချယ်ခြင်းမရှိခဲ့ပါဘူး။

၁၉၆၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ကုမ္ပဏီပေါင်း (၆၆) ဦးတို့က ရုပ်ရှင်ဇာတ်ကားပေါင်း (၈၁) ကားကို ရိုက်ကူးပြသခဲ့ပါတယ်။ ၎င်းတို့မှာ... မြင်ကွင်းကျယ် (၃)ကား၊ ဆေးရောင်စုံ (၁) ကားနဲ့ အိန္ဒိယစကားပြော (၁)ကား ပါရှိတယ်။ ၎င်းနှစ်မှာ... ရုပ်ရှင်ကုမ္ပဏီပေါင်း (၆၆)ခုအနက် ထုတ်လုပ်သူအသစ် (၁၃) ဦး ပေါ်ပေါက်လာခဲ့ပါတယ်။

၁၉၆၃ ခုနှစ်မှာ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေးအကဲဖြတ်အဖွဲ့က ယခင်နှစ်အတိုင်းပင် ရှိသော်လည်း အကောင်းဆုံးရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်ခြင်းမရှိခဲ့ပါဘူး။

၁၉၆၃ ခုနှစ်၊ ဧပြီ (၁) ရက်နေ့မှစ၍ ၁၉၄၈ ခုနှစ်က စတင်ရိုက်ကူးလာခဲ့တဲ့ မြန်မာအသံထွက်ရုပ်ရှင်ဇာတ်ကား (၅၁၈) ကားနဲ့ သံစုံသွင်း (၁၇)ကား၊ ပေါင်း (၅၀၁)ကားတို့ကို ဧပြီ (၁) ရက်နေ့ကစပြီး ပြန်လည်စစ်ဆေးခဲ့ပါတယ်။ ရုပ်ရှင်စစ်ဆေးရေးအဖွဲ့က နောက်ထပ်သက်တမ်း (၅) နှစ် ပြသနိုင်ရန် စီစဉ်ခဲ့ပါတယ်။ ၎င်း (၅၁၈) ကားအနက် (၆၂) ကားမှာ စုန်းကဝေ၊ သိုက်သမိုင်း ဇာတ်လမ်းများ ဖြစ်တဲ့အတွက် ဆက်လက်ပြသခွင့် ဆင်ဆာလက်မှတ် ထုတ်မပေးတော့ပါဘူး။

၁၉၆၄ ခုနှစ်မှာ မြန်မာ့ရုပ်ရှင်ကုမ္ပဏီပေါင်း (၅၄)ခုတို့က ရုပ်ရှင်ဇာတ်ကား (၆၅) ကား ရိုက်ကူးပြသနိုင်ခဲ့ပါတယ်။ မြင်ကွင်းကျယ်တစ်ကားပဲ ပါရှိပါတယ်။ ထုတ်လုပ်သူအသစ် (၅) ခုပေါ်ပေါက်ခဲ့တယ်။

၁၉၆၄ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကား၊ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာ၊ အကောင်းဆုံး အမျိုးသားပညာသည်၊ အကောင်းဆုံး အမျိုးသမီးပညာသည် မရှိဘဲ အကောင်းဆုံး အမျိုးသားဇာတ်ရံဆုကို ဦးကျောက်လုံး (ရင်ဝယ်တသိမ့်သိမ့်)နဲ့ အကောင်းဆုံး အမျိုးသမီးဇာတ်ရံ မေသစ် (ချိန်းမိလေသောည) တို့ကိုပဲ ချီးမြှင့်ခဲ့ပါ

mgyoe.com

mgyoe.com


တယ်။

၁၉၆၅ ခုနှစ် မြန်မာ့ရုပ်ရှင်ကုမ္ပဏီပေါင်း (၅၆) ခုတို့က ရုပ်ရှင်ဇာတ်ကား (၈၁)ကားနဲ့ ကာတွန်း (၁)ကား (၂ပိုင်း) ရိုက်ကူး ပြသနိုင်ခဲ့ပါတယ်။ ကုမ္ပဏီသစ်တစ်ဦး ပေါ်ထွန်းလာခဲ့ပါတယ်။

၁၉၆၅ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီးပညာသည် ဝါဝါဝင်းရွှေ (ချစ်သမီး)၊ အကောင်းဆုံး အမျိုးသားဇာတ်ရံ ဦးကျော်လုံး (ချစ်သမီး)၊ အကောင်းဆုံး အမျိုးသမီးဇာတ်ရံ တင်တင်မူ (သဲလွန်စ) တို့ ထူးချွန်ဆု ရရှိသွားခဲ့ကြပါတယ်။

၁၉၆၆ ခုနှစ်မှာ မြန်မာ့ရုပ်ရှင်ကုမ္ပဏီပေါင်း (၅၀)ခုတို့က ရုပ်ရှင်ဇာတ်ကား (၆၁) ကားကို ရိုက်ကူးပြသနိုင်ခဲ့ပါတယ်။

၁၉၆၆ ခုနှစ် အကောင်းဆုံးရုပ်ရှင်ဆုများအတွက် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကား 'ဆောင်း'(အေဝမ်းဖလင်)၊ အကောင်းဆုံး အမျိုးသမီးပညာသည် စံရှားတင်(ဆောင်း)၊ အကောင်းဆုံး အမျိုးသားဇာတ်ရံ စိုးရွှေ (မြေမှာပွင့်သောမေတ္တာပန်း)တို့ ရရှိကြပါတယ်။

၁၉၆၇ ခုနှစ် အကောင်းဆုံးရုပ်ရှင်ကုမ္ပဏီ (၄၅) ခုတို့က ရုပ်ရှင်ဇာတ်ကား (၅၆) ကားနဲ့ သိပ္ပံပညာပေးကာတွန်းအပိုင်းတို (၁) ကား ရိုက်ကူးပြသနိုင်ခဲ့ပါတယ်။

၁၉၆၇ ခုနှစ် အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာအဖြစ် ... ဦးတင်မောင် (ကိုရယ်၊ တိုးရယ်၊ စိုးစိုးရယ်)၊ အကောင်းဆုံး အမျိုးသား ပညာသည်ဝင်းစိုး (ဆောင်းအိပ်မက်)၊ အကောင်းဆုံး အမျိုးသမီး ပညာသည် ခင်သန်းနု (ကိုရယ်၊ တိုးရယ်၊ စိုးစိုးရယ်)တို့ ရရှိခဲ့ကြပါတယ်။

၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ (၁၆)ရက်နေ့မှာ ... ပြန်ကြားရေးဝန်ကြီးဌာန အတွင်းဝန် ဒုဗိုလ်မှူးကြီးတင်ထွန်းက ရုပ်ရှင်ကုမ္ပဏီကားရုပ်ရှင်ထုတ်လုပ်သူများကို အသံလွှင့်ဌာနမှာ တွေ့ဆုံပြီး မြန်မာ ရုပ်ရှင်ကုမ္ပဏီနဲ့ ရုပ်ရှင်ထုတ်လုပ်သူပေါင်း (၁၁၈) ဦးရှိသည့်အနက် ရုပ်ရှင်

mgyoe.com

mgyoe.com

ထုတ်လုပ်သူ (၄၀) အား စာရင်းမှ ပယ်ဖျက်လိုက်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

ရုပ်ရှင်စတင်ပေါ်ပေါက်ခဲ့တဲ့ ၁၉၂၀ပြည့်နှစ်ကနေ... ၁၉၆၁ ခုနှစ် အထိရိုက်ကူးပြသကြသောဇာတ်လမ်းများကို စိစစ်သုံးသပ်မယ်ဆိုပါလျှင် ...

(က) ၁၉၂၀–၁၉၂၅ ခုနှစ်အတွင်း သင်ခန်းစာပေး၊ အိမ်ထောင်ရေး၊ ရှေးဟောင်းပုံပြင်နဲ့ ဟာသဇာတ်ကား အများဆုံး ရိုက်ကူးကြတာကို တွေ့ရပါတယ်။

(ခ) ၁၉၂၆–၁၉၃၀ ခုနှစ်များအတွင်း အချစ်၊ ဓာတ်ပုံလှည့်စားမှု၊ ဗိုလ်ဇာတ်ကားများ၊ ရာဇဝင်သိုက်သမိုင်းနဲ့ ဟာသဇာတ်ကားများ အများဆုံးပါဝင်တာကိုတွေ့ရပါတယ်။

(ဂ) ၁၉၃၁ – ၁၉၃၃ ခုနှစ်များအတွင်း အိမ်ထောင်ရေး၊ အချစ်၊ တိုင်းပြည်ပြု၊ ဇာတိမာန်၊ စတန့်၊ မြေလျှိုးမိုးပျံနဲ့ ရာဇဝင်သိုက် သမိုင်းကားများ အများဆုံး ထုတ်လုပ်ကြသည်ကို တွေ့ရပါတယ်။

(ဃ) ၁၉၃၄–၁၉၃၈ ခုနှစ်များအတွင်းမှာတော့ ... သိုက်သမိုင်း၊ အချစ်၊ အိမ်ထောင်ရေးနဲ့ စတန့်ကားများ အများဆုံးပါဝင်ခဲ့ပါတယ်။

❑

mgyoe.com

mgyoe.com

# ဦးတင်မောင်

ဦးတင်မောင်သည် မြန်မာအဆွေကုမ္ပဏီတိုက်ဆိုင်ကြီး တည်ထောင်ဖွင့်လှစ်ခဲ့သူ ဦးဘညွန့်၏ (၁၉၀၈)နှစ်တွင် မွေးဖွားခဲ့သည့် သားအငယ်ဆုံးဖြစ်သည်။ ရန်ကုန်မြို့ အစိုးရဟိုက်စကူးကျောင်းတွင် (မက်ထရစ်) ၁၀ တန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့ပြီး ရန်ကုန်တက္ကသိုလ်တွင် (အိုင်အေ) အထိ ဆက်လက် ပညာသင်ကြားခဲ့ပါသည်။

ငယ်စဉ်ကပင် အနုပညာများဖြစ်သော အဆို၊ အကနှင့် ရုပ်ရှင်ကို ဝါသနာပါခဲ့သည်။ ကျောင်းသားအရွယ်က ကျောင်းနှင့် အရပ်ကပွဲများတွင် ပါဝင်ကပြခဲ့ဖူးသည်။ (ဘားမစ်စ်ဖေးဘရိတ် ကုမ္ပဏီမှ) ထုတ်ဝေ ရောင်းချသော (အေဝမ်းရီကော့) အေဝမ်းဓာတ်ပြားများတွင် အဆိုကျော် အဖြစ်ဖြင့် သီချင်း (၂၈) ပုဒ်မျှ သီဆိုသွင်းခဲ့သည်။

ဦးတင်မောင်မှာ မြန်မာပြည်တွင် ၁၉၂၀ ခုနှစ်က ကပြခဲ့သည့် ပထမဆုံးမြန်မာဇာတ်ကားဖြစ်သော (မေတ္တာနှင့်သူရာ) ဇာတ်ကား၏ ပထမဆုံး မြန်မာ့ရုပ်ရှင်ဇာတ်လိုက်မင်းသား မောင်ညီပု၏ ညီငယ် ဖြစ်သည့်အလျောက် နောင်အခါ မောင်ညီပု ဒါရိုက်ဟာ ပြုလုပ်ရိုက်ကူးခဲ့သော ဇာတ်ကားများတွင်လည်းကောင်း၊ အစ်ကိုကြီးများဖြစ်သူ ဦးတင်နွယ်၊ မောင်မောင်စိုးတို့ ရိုက်သော ဇာတ်ကား အချို့တွင်လည်းကောင်း၊ ကျောင်းသားလူငယ်အဖြစ် မထင်မရှား အခန်းများမှ ပါဝင်ခဲ့ပြီး ရုပ်ရှင်

mgyoe.com

mgyoe.com



အောငိမ်း ဦးတင်မောင်

mgyoe.com

mgyoe.com


ရိုက်ကူးခြင်းပညာကို ကျောင်းနေစဉ်ကပင် လေ့လာခဲ့သည့်အလျောက် ၁၉၃၄ ခုနှစ် တက္ကသိုလ်ကျောင်း ပညာသင်နေဆဲ ပထမဆုံးကား ဖြစ်သည့် မြဂနိုင်ခေါ် ဇာတ်ကားကို ရိုက်ကူးခဲ့သည်တွင် အထူး အောင်မြင်မှု ရသဖြင့် တက္ကသိုလ်က ထွက်သည့်အခါ ဖခင်၏ (ဘားမစ် ဖေးဘရိတ် ကုမ္ပဏီတွင်) ဓာတ်ပြားသွင်းခြင်းဆိုင်ရာတွင် လုပ်ကိုင်လျက် ရုပ်ရှင် ဘက်တွင် ပိုမိုစိတ်ထက်သန်သည့်အတိုင်း (ဘားမစ်ဖေးဘရိတ်ကုမ္ပဏီ) ၏ (အေဝမ်းဖလင်ကုမ္ပဏီ)၊ အေဝမ်းရုပ်ရှင်တွင် (နီလာရောင်) ဇာတ် ကားကိုရိုက်ကူးပြန်ရာ အောင်မြင်မှုရသဖြင့် ဆက်လက်၍ ၁၉၃၈ ခုနှစ် တွင် အောင်သပြေ အသံထွက်ဇာတ်ကားကို ရိုက်ကူးခဲ့လေသည်။ ထို ဇာတ်ကားတွင် အင်္ဂလိပ်များက သီပေါမင်းဘုရင်ကို ဖမ်းယူသွားသော အခန်းပါသဖြင့် မြန်မာစိတ်ကို အထူးထိခိုက်စေခဲ့သည်။ နောင်တွင် ၎င်းအခန်းကို အင်္ဂလိပ်အစိုးရဆင်ဆာအဖွဲ့က ဖြတ်တောက်ပစ်ခြင်းပါ ခံရသည်သာမက နောင်အခါတွင် ဇာတ်ကားပြသခြင်းကို ပိတ်ပင်ခြင်းခံခဲ့ ရသည်။ ၎င်းနောက် ၁၉၃၈ ခုနှစ်တွင် (ချစ်စနိုး) အသံထွက်ဇာတ်ကား တွင် ကိုယ်တိုင်ဇာတ်လိုက်အဖြစ်ပါဝင်ပြီး ကိုယ်တိုင်ဒါရိုက်တာ ပြုလုပ် ခဲ့ရာ ဦးတင်မောင်မှာ ဒါရိုက်တာအဖြစ်ဖြင့် လည်းကောင်း၊ ဇာတ်လိုက် မင်းသားအဖြစ်ဖြင့်လည်းကောင်း အထူးကျော်ကြားလာခဲ့သည်။

၁၉၄၂ ခုနှစ် မြန်မာ့လွတ်လပ်ရေးတပ် (ဘီအိုင်အေ) တွင် ဝင်ရောက်အမှုထမ်းခဲ့သည်။ ဗိုလ်ရန်နိုင်တပ်ဗိုလ်သင်တန်းတပ်သားများ ကို အုပ်စီးရသည်။

ဦးတင်မောင် ဆက်လက်ရိုက်ကူးခဲ့သော ဇာတ်ကားများမှာ (၁၉၃၄) ခုနှစ်မှစ၍ (၁၉၄၀) ခုနှစ် စစ်မဖြစ်မီကာလအတွင်း ဇာတ်ကား (၁၁) ကားဖြစ်ပြီး စစ်ပြီးနောက် ၁၉၄၈ ခုနှစ်မှ ၁၉၆၈ ခုနှစ် အချိန်အထိ ဇာတ်ကား (၁၃) ကား ရိုက်ကူးရုံတင်ခဲ့သည်။

❑

mgyoe.com

mgyoe.com


## ဦးတင်မောင် ဆုရခြင်းများ

စစ်ပြီးခေတ် ၁၉၄၉ ခုနှစ်တွင် ရိုက်ကူးပြသခဲ့သော ဦးတင်မောင်ကိုယ်တိုင် ပါဝင်ဇာတ်ဆောင်ပြီး ဒါရိုက်တာအဖြစ် ရိုက်ကူးသော ချိန်တန်ပြီခေါ် ဇာတ်ကားမှာ ငြိမ်းချမ်းရေးဗဟိုကော်မတီက ပေးသော ဒိုင်းဆုကို ရခဲ့သည်။

၁၉၅၂ ခုနှစ်တွင် ဦးတင်မောင် ရိုက်ကူးသော ကိုယ်တိုင် ဇာတ်ဆောင်မင်းသားအဖြစ် ပါဝင်သော 'ချစ်သက်ဝေ' ခေါ် ဇာတ်ကားမှာ မြန်မာပြည်တွင် အစိုးရက ပထမဆုံးချီးမြှင့်သော (အကယ်ဒမီ) ဆုကို ရရှိခဲ့သည်။ ၎င်းဇာတ်ကားတွင် ပါဝင်ခဲ့သော ရုပ်ရှင်တွင် ပထမဆုံး အကြိမ် ဇာတ်လိုက်မင်းသမီးအဖြစ် ပါဝင်ခဲ့သော ကြည်ကြည်ဌေးသည် လည်း (အကယ်ဒမီ) ဆုကိုရရှိခဲ့ပါသည်။

၁၃၁၉ ခုမှာ အလင်္ကာကျော်စွာဆု (ရွှေနှစ်ကျပ်သား) ကို ရရှိခဲ့ သည်။

၁၉၅၄ ခုနှစ်တွင် ဦးတင်မောင် ဒါရိုက်တာနှင့် ဇာတ်ဆောင် အဖြစ် ပါဝင်ရိုက်ကူးသော (ရတနာပုံ) ဇာတ်ကားတွင် ဇာတ်ဆောင် မင်းသား မောင်တင်မောင်နှင့် ရတနာပုံဇာတ်ကားတို့မှာ (အကယ်ဒမီ) ဆုများ ရရှိခဲ့ပါသည်။

၁၉၅၉ တွင် မော်ကွန်းဝင်တတိယဆု ရရှိသည်။

၁၉၆၇ ခုနှစ်တွင် ဦးတင်မောင်၏ (ကိုယ်ရယ်၊ တိုးရယ်၊ စိုးစိုး ရယ်) ဇာတ်ကားတွင် ဒါရိုက်တာအတွက် မောင်တင်မောင် (အကယ်ဒမီ) ဆုရပြီး ဇာတ်ဆောင်မင်းသမီး ခင်သန်းနုသည် (အကယ်ဒမီ) ဆု ရပြန် သည်။

၁၉၆၆ ခုနှစ်တွင် (ကမ္ဘောဒီးယား)မှ ဖိတ်၍ မင်းသားကြီး သီဟာနုရိုက်ကူးထားသော ဇာတ်ကားဖွင့်ပွဲသို့ မြန်မာကိုယ်စားလှယ်

mgyoe.com

mgyoe.com


အဖြစ် တက်ရောက်ခဲ့ရသည်။

၈.၉.၅၇ နှစ်တွင် ချက်ပြည်၊ ကာလိုဗိဘယ်ရီမြို့၌ ကျင်းပသော ကမ္ဘာ့ရုပ်ရှင်ပြိုင်ပွဲတွင် ရတနာပုံဇာတ်ကားဆု ရခဲ့ပါသည်။

(၁) မွေးသက္ကရာဇ် ၁၂၇၀ ပြည့်၊ ဝါခေါင်လ။
(၂) မိဘအမည် မြန်မာအဆွေနှင့် အေဝမ်းဖလင်ကုမ္ပဏီ ပိုင်ရှင် ဦးဘညွန့် – ဒေါ်ငြိမ်းရှင်။
(၃) ပညာအရည်အချင်း ရန်ကုန်တက္ကသိုလ် (ဥပစာအထက်တန်း)
(၄) ရုပ်ရှင်ထဲဝင်သည့်နှစ် နှင့်ကား ၁၉၂၃ နှစ်၊ တောမြိုင်စွန်းမှ လွမ်းအောင်ဖန်
(၅) ရုပ်ရှင်ပြဇာတ်အစည်းအရုံးမှ ရုပ်ရှင်ကောင်စီအထိ တာဝန်များယူခဲ့သည်။ တာဝန်များမှာ အမှုဆောင်၊ ငွေထိန်း၊ ဥက္ကဋ္ဌအဖြစ် လုပ်ကိုင်ခဲ့ပါသည်။ အလင်္ကာကျော်စွာဘွဲ့ကို ၁၉၅၈ ခုနှစ်တွင် ရခဲ့သည်။

## နိုင်ငံခြားသွားသည့်နှစ်နှင့် နိုင်ငံများ

၁၉၅၀ ခုနှစ်တွင် အင်ဒိုနီးရှား (ရုပ်ရှင်လေ့လာ)
၁၉၅၄ ခုနှစ်တွင် အိန္ဒိယပြည် (ရုပ်ရှင်လေ့လာ)
၁၉၅၅ ခုနှစ်တွင် ဂျပန်ပြည် (ရုပ်ရှင်လေ့လာ)
၁၉၅၆ ခုနှစ်တွင် အမေရိကန်ပြည် (ရေနံကိစ္စလေ့လာ)
၁၉၅၉ ခုနှစ်တွင် ဂျာမနီ (မြေသြဇာစက်လေ့လာ)
ပြင်သစ်၊ ဆွစ်ဇလန်၊ အီတလီ (အလည်အပတ်)

၁၉၆၀ ခုနှစ်တွင် တရုတ်ပြည်သို့ အစိုးရယဉ်ကျေးမှုအဖွဲ့နှင့် သွားရောက်ခဲ့သည်။

mgyoe.com

mgyoe.com

၁၉၆၆ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ဗဟိုရုပ်ရှင်ဌာနမှ ဗိုလ်ကြီး မျိုးမြင့်နှင့် ရုပ်ရှင်ကိုယ်စားလှယ်အဖြစ် သွားရောက်ခဲ့ပါသည်။

၁၉၆၉ ခုနှစ်တွင် ရုရှားနှင့် မြောက်ကိုရီးယားသို့ ရုပ်ရှင်မြှင့်တင်ရေးမှ ဦးမြင့်စိုးနှင့်အတူ အစိုးရမှ စေလွှတ်ခဲ့ပါသည်။

❑

mgyoe.com

mgyoe.com

## ဒါရိုက်တာကြီး ဦးတင်မောင်

မြန်မာအဆွေ အောဝမ်းဦးဘညွန့်၏သားဖြစ်၍ ဒါရိုက်တာကြီး ဦးတင်နွယ်၊ ဒါရိုက်တာ ဆရာကြီးဦးညီပု၊ ဒါရိုက်တာ ဦးမောင်မောင်စိုး တို့၏ညီ အောဝမ်းဦးတင်မောင်၊ သရုပ်ဆောင်မင်းသား မောင်တင်မောင်၊ ဒါရိုက်တာ ဆရာကြီးဦးတင်မောင်။

'မြဂနိုင်' ဇာတ်ကားကို ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့ပြီး အောဝမ်းမှ 'ချစ်စနိုး'၊ 'မြားနတ်မောင်' ဇာတ်ကားတို့တွင် သရုပ်ဆောင် ဒါရိုက်တာ မင်းသားအဖြစ် ရိုက်ကူးပါဝင်ခဲ့ပြီး 'ချစ်သက်ဝေ' ဇာတ်ကားဖြင့် မင်းသမီး ကြည်ကြည်ဌေးအား ပထမဆုံး အမျိုးသမီး သရုပ်ဆောင်ပညာသည် အကယ်ဒမီဆုနှင့် ဇာတ်ကားဆုရအောင် စွမ်းဆောင်ခဲ့သော ဒါရိုက်တာ ဆရာကြီး ဦးတင်မောင်။

'ရတနာပုံ' ဇာတ်ကားဖြင့် အကောင်းဆုံးဇာတ်ကား၊ အကောင်းဆုံး အမျိုးသားသရုပ်ဆောင် အကယ်ဒမီဆုတို့ကိုလည်းကောင်း၊ 'ကိုယ်ရယ် တိုးရယ် စိုးစိုးရယ်' ဇာတ်ကားဖြင့် အကောင်းဆုံး ဒါရိုက်တာဆုကို ရရှိအောင် အနုပညာစွမ်းပြနိုင်ရုံမက၊ 'ကိုယ်ရယ်၊ တိုးရယ်၊ စိုးစိုးရယ်' ဖြင့်ပင် မင်းသမီး ခင်သန်းနု အမျိုးသမီးသရုပ်ဆောင် အကောင်းဆုံး အကယ်ဒမီဆု ရရှိအောင် ညွှန်ကြားပြသ ရိုက်ကူးနိုင်ခဲ့သော ဒါရိုက်တာ ဆရာကြီးဦးတင်မောင်။

mgyoe.com

mgyoe.com


## ဒါရိုက်တာဦးတင်မောင်၏ အဆိုအမိန့်မှ ကောက်နုတ်ချက်များ ....

ဒါရိုက်တာဆိုတာ SCENE တစ်ခုကို CUT နည်းနည်းနဲ့ အဓိပ္ပာယ်ပေါ်လွင်အောင် ပြနိုင်ဖို့လိုတယ်။ ပရိသတ်သိအောင် ပုံပြော သလို စကားများဖြင့် ပြောဖော်တာ မကောင်းဘူး။ ပြကွင်း ပြကွက်နဲ့ ဖော်သွားတာ အကောင်းဆုံးပဲ။

ရုပ်ရှင်ဇာတ်ကားမှာ ဇာတ်သွားဇာတ်လာကို ထိုင်ပြောတာ ထက် လှုပ်ရှားမှုနဲ့ ပြောတာ ... အကောင်းဆုံး။

အခန်းတစ်ခုကို ရိုက်တဲ့အခါ၊ ပြတဲ့အခါမှာ ကင်မရာနဲ့ သရုပ် ဆောင်တို့ အနီးအဝေး သတိထားရမယ်။ အဝေးက အမြင်ကို အနီးကပ်နဲ့ မပြသင့်၊ ဇာတ်ပို့ဇာတ်ဆောင်တွေရဲ့ သရုပ်ဆောင်လှုပ်ရှားပုံ ပေါ်အောင် ပြဖို့လိုတယ်။

ဒါရိုက်တာဟာ ကားရိုက်တဲ့အခါ အဘက်ဘက်က ကောင်းမှ ဇာတ်ကားကောင်းနိုင်မယ်။ ဒါကြောင့် ပေါင်းစပ်မှုကအရေးကြီးတယ်။

ကင်မရာ အသံတို့ဟာ ရိုက်တဲ့ဇာတ်လမ်းရဲ့ သဘောသဘာဝ ကို အထောက်အပံ့ပေးရမယ်။

မလိုအပ်ဘဲ ထိုးခန်း၊ ဟာသခန်းတွေ ထည့်ပြခြင်းကြောင့် ဝတ္ထု နာတယ်၊ ဇာတ်ကားလည်း မကောင်းနိုင်ဘူး၊ ဟာသွားတတ်တယ်၊ အရသာပျက်သွားတတ်တယ်။

ဇာတ်လမ်းဇာတ်ညွှန်းကို စာရေးဆရာက သူ့သဘောနဲ့သူ ရေး ထားတာကို ဒါရိုက်တာက မိမိခေါင်းနဲ့ တွေးခေါ်စိတ်ကူးပြီး ရိုက်ပြ တတ်ရမယ်။

ဒါရိုက်တာတစ်ယောက်ဟာ... မိမိရိုက်မယ့်ဇာတ်ရဲ့ သရုပ် ဆောင်ရဲ့စရိုက် ဘာဆိုတာကို သိထားပြီးဖြစ်ရမယ်။

mgyoe.com

mgyoe.com


အရေးကြီးဆုံးက ဒါရိုက်တာတစ်ယောက် ဇာတ်ကားရိုက်နေရင်း စိတ်ထဲက ကားဆက်နေရမယ်။ ဒါမှ ... လိုအပ်တာသိပြီး ကြိုတင်စီစဉ်ရိုက်ကူးနိုင်မယ်။

ဒါရိုက်တာဟာ နဂ္ဂတစ် Negative ကြည့်တတ်ရမယ်။ အနုပညာစိတ်ကူးဆိုတာ သင်မရတဲ့ တွေးခေါ်မှုပဲ။

ရိုက်ကူးတဲ့နေရာမှာ ခေါင်းကောင်းတဲ့သူဟာ အကောင်းဆုံးဖြစ်မယ်။

Scene တစ်ခုကို ရိုက်တော့မယ်ဆိုရင် အရသာယူရိုက်ရမယ်။

ဒါရိုက်တာဟာ ဇာတ်ကို ဖော်ဆောင်ရတာ မင်းသား မင်းသမီးက သူ့သဘောနဲ့သူ လုပ်ချင်တာလုပ်တာကို ခွင့်မပြုရဘူး။ ဘာကြောင့်ဒီလိုလုပ်ရသလဲဆိုတာ ရှင်းပြတတ်ရမယ်။

ဒါရိုက်တာဟာ ဇာတ်ကိုဖော်ဆောင်ရတဲ့သူဖြစ်လို့ ကိုယ် ရိုက်တဲ့ကားကို မိမိကိုယ်တိုင် ကားဆက်တာ အကောင်းဆုံးပဲ။ ဒါထက် ကိုယ်ရိုက်တဲ့ကားအတွက် ကိုယ်တိုင်ဇာတ်ညွှန်းရေးတာ ပိုအကောင်းဆုံးပါပဲ။

မိမိကိုယ်တိုင် ရေးထားတဲ့ဇာတ်ကို ကိုယ်တိုင်ရိုက်၊ ကိုယ်တိုင်ကားဆက်တော့ ခေါင်းထဲမှာ ကိုယ့်ကားကို ကိုယ်ကပရိသတ်အနေနဲ့ ကြည့်ပြီးပြီ၊ တကယ်ရိုက်တော့ ... ရိုက်ရင်းထပ်မြင်တာနဲ့ လိုတာ မရှိအောင် ရိုက်နိုင်ပြီး ကားရိုက်ရင် အရသာယူရိုက်ရမယ်ဆိုတာ မင်းသား မင်းသမီးကို ရိုက်မည့်အခန်း ကြိုပြီးပြောထားရင် ... စိတ်တိုင်းကျ ရိုက်လို့ရတာပေါ့။

ကားရိုက်တဲ့အခါမှာ ကိုယ်ရေးတဲ့ဇာတ်ညွှန်းမဟုတ်ရင် ဇာတ်ညွှန်းရေးဆရာအနားမှာရှိတာ ပိုကောင်းတယ်။ တိုင်ပင်ဖော်ရတယ်။ ဒါပေမဲ့ ဇာတ်ညွှန်းရေးဆရာက အတွေ့အကြုံရှိတဲ့လူမှ၊ နို့မို့ ငြင်းခုံနေရတတ်တယ်။

mgyoe.com